ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 23 January 2020 ၉၉၀၃

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နာဂဒေသ လေရှီးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**ကလေး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ရောက်ရှိကြသည်။

**တွေ့ဆုံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အားလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လေရှီးမြို့ အားကစားကွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မ ယခင်နှစ်တုန်းက ဒီကိုလာဖို့စီစဉ်ခဲ့ပေမယ့် ရာသီဥတုအခြေအနေကြောင့် မရောက်ခဲ့ပါဘူး။ ဒီနှစ်မှာ ဖြစ်အောင်ကို လာမယ်ဆိုပြီး ရောက်အောင်လာခဲ့တာပါ။ ကျွန်မ ဒီလိုနေရာတွေကို လာတယ်ဆိုတာက ပြည်သူတွေနဲ့ ထိတွေ့မှုရှိချင်လို့ဖြစ်ပါတယ်။ ဘယ်လောက်ဝေးလံတဲ့နေရာပဲဖြစ်ဖြစ်၊ ဘယ်လိုခေါင်တဲ့ နေရာပဲဖြစ်ဖြစ် နိုင်ငံရဲ့အစိတ်အပိုင်းအားလုံးဟာ ကျွန်မတို့အတွက် တန်းတူညီတူတန်ဖိုးရှိပါတယ်။

ဒီကို ရဟတ်ယာဉ်နဲ့လာတဲ့အခါ အောက်ကိုကြည့်လိုက်တော့ ကျွန်မတို့ရဲ့ဒေသခံတွေဟာ ဘယ်လောက်ခက်ခက်ခဲခဲနဲ့ ဘဝကို အသက်မွေးဝမ်းကျောင်းပြုနေရသလဲဆိုတာ ကျွန်မတို့ အများကြီးပဲနားလည်ပါတယ်။ လူ့ဘဝဆိုတာ ဒီလိုပါပဲ။

**ပိုပြီးကောင်းမွန်စေချင်**

တောင်စောင်းမှာ အိမ်လေးတွေဆောက်ပြီး ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအတွက် ဘိုးဘွားဘီဘင်အစဉ်အဆက် နေထိုင်လုပ်ကိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ ဘဝတွေကို ကျွန်မပိုပြီးကောင်းမွန်စေချင်ပါတယ်။ ပိုပြီးကောင်းမွန်စေချင်တယ်ဆိုတာက ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပြည်သူအားလုံးဟာ ချမ်းချမ်းသာသာနဲ့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗန်းမောက်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

**ကိုယ့်အတွက်ကို တာဝန်ယူတဲ့အခါ ကိုယ်က ပတ်ဝန်းကျင်နဲ့ ဆက်စပ်မှုရှိနေတဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း တာဝန်ယူရပါတယ်။ ဒီလိုစိတ်တွေထားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ တိုးတက်တဲ့နိုင်ငံ ဖြစ်မှာပါ။ ဒ့ါအပြင် နိုင်ငံဟာ မြန်မြန်ဆန်ဆန် တိုးတက်နိုင်တဲ့ အခြေအနေမှာ ရှိမှာပါ။**

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်း အင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ကြေးမုံ

# တစ်ယောက်မှစတစ်ရာ ညီညွတ်မှု . . .

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ ၂၁ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် စုပေါင်းရုံးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် "တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ နိုင်ငံအတွက်အရေးပါပါတယ်။ နိုင်ငံရဲ့အင်အားဆိုတာဟာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းရဲ့ အင်အားနဲ့ စုထားတာပါ" ဟု ပြောကြားချက်ကို သတိပြုမိသည်။

သုညသည် သူ့ချည်းသက်သက်ဆိုပါက တန်ဖိုးမရှိသောဂဏန်းဖြစ်သည်။ "၁"ဟူသော အစပြုဂဏန်းနောက်မှသုညတစ်လုံးရောက်လာသည်နှင့် တန်ဖိုးရှိသောဂဏန်းဖြစ်လာသည်။ ကျွန်ုပ်တို့ ပြည်ထောင်စုသားများအနေဖြင့် တစ်ကိုရှုမြင်ရာတွင် တစ်ယောက်အစ တစ်ရာမကဖြစ်လာသည့် ပြည်ထောင်စုဖွား ညီနောင်များဖြစ်သည်ဟူသောအသိနှင့် ထိုတစ်ယောက်မှစသည့် ညီညွတ်မှု၊ ကြိုးပမ်းအားထုတ်မှု အားမာန်များဖြင့် မိမိတို့ဘဝ၊ မိမိတို့ဒေသ၊ မိမိတို့တိုင်းပြည် တိုးတက်အောင် တက်ညီလက်ညီဆောင်ရွက်မည်ဟူသော အသိရှိကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သန်း ၅၀ ကျော်သော ပြည်သူများသည် တစ်ယောက်မှစတင်ဖြစ်တည်လာခြင်းဖြစ်ပြီး ထိုတစ်ယောက်စ၊ တစ်ယောက်စများ စုပေါင်းခြင်းဖြင့် ပြည်ထောင်စုဖြစ်လာသည်။ ပြည်ထောင်စုသားများသည် တစ်မိသားတည်းမှ ပေါက်ဖွားလာသူများဖြစ်၍ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အင်အားတည်ဆောက်ရမည်ဖြစ်သည်။ မြန်မာစကားပုံတွင် "တစ်ယောက်အားဖြင့်ယူသော်မရ တစ်သိန်းအားဖြင့်ယူသော်ရ၏"ဟူသော ဥပမာကဲ့သို့ပင် ရပ်ရွာတစ်ခု၊ မြို့တစ်ခုမှ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း အင်အားများကို စုပေါင်းခြင်းဖြင့် နိုင်ငံ၏အင်အားဖြစ်လာပေမည်။

နန်းယွန်းမြို့သည် မြန်မာပြည်အနောက်မြောက်အပေါ်ပိုင်း အစွန်အဖျားမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့နယ်ဖြစ်သည်။ လူဦးရေအလွန်နည်းသော်လည်း ဒေသခံတိုင်းရင်းသားများ၏စိတ်ထားမှာ မြင့်မားကြသည်ကို တွေ့ရသည်။ နန်းယွန်းမြို့နယ်သည် အစွန်အဖျားဝေးလံခေါင်သီသောဒေသဖြစ်သော်လည်း မိမိတို့မြို့နယ်ကို တိုးတက်စေလိုသော ဆန္ဒများကိုယ်စီကိုယ်စီရှိနေကြသည်။ နန်းယွန်းမြို့နယ်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်အတွက် ဒေသခံပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တင်ပြခဲ့ကြသည်။

ဒေသဆိုင်ရာအစိုးရအနေဖြင့် ပြည်သူအားထိတွေ့၍ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး ပြည်သူများကလည်း မိသားစုအသွင် ဆက်ဆံရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ နန်းယွန်းမြို့မှ ပြည်သူများကဲ့သို့ပင် နိုင်ငံတစ်ဝန်းမှ ပြည်သူတိုင်း ပြည်သူတိုင်းသည် တိုင်းပြည်အတွက် အရေးပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းသူပြည်သားတစ်ယောက်ချင်းအပေါ်တွင် တန်ဖိုးထားသကဲ့သို့ တိုင်းသူပြည်သားတစ်ယောက်ချင်းကလည်း နိုင်ငံတော်အပေါ် အလေးထားရမည်ဖြစ်သည်။ ထိုတစ်ယောက်ချင်း၏ နိုင်ငံတော်အပေါ်ထားရှိသည့် တူညီသောအင်အားများဖြင့် နိုင်ငံကိုတည်ဆောက်ရမည်ဖြစ်သည်။

ပြည်သူများအပေါင်းအစုဖြင့် ဖြစ်ပေါ်လာသောနိုင်ငံတစ်နိုင်ငံတိုးတက်ရေးမှာ ပြည်သူလူထုအင်အားက အဓိကဖြစ်သည်။ ပြည်သူလူထု၏ ခိုင်မာသောစိတ်ဓာတ်၊ ပြည်သူလူထု၏ တက်ကြွသောပူးပေါင်းဆောင်ရွက်မှုမရှိလျှင် နိုင်ငံရေရှည်တည်တံ့ခိုင်မြဲမှုကို ရရှိလိမ့်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် ငွေကြေးဥစ္စာတစ်ခုတည်းကိုသာကြည့်၍ ဆုံးဖြတ်နိုင်သည်မဟုတ်ဘဲ ထိုနိုင်ငံရှိ ပြည်သူများ၏ စိတ်ဓာတ်မြင့်မားတက်ကြွခြင်းကိုလည်း ကြည့်၍ဆုံးဖြတ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နန်းယွန်းမြို့မှ ပြည်သူများမှအစ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူအများစုမှာ မိမိတို့ဒေသ ဖွံ့ဖြိုးရမည်။ ငြိမ်းချမ်းရမည်၊ သာယာရမည်ဟူသော စိတ်ဆန္ဒများကို တညီတညွတ်တည်း အတူတူထားကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းလက်တွဲ၍ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒေါ်လာသန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ စင်ကာပူ-မြန်မာ-အိန္ဒိယ သုံးနိုင်ငံကြား ရေအောက်ကေဘယ်တည်ဆောက်ရေးစီမံကိန်း စတင်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကမ္ဘာ့ထိပ်တန်းနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းစုကြီးဖြစ်သော NTT Ltd က အမေရိကန်ဒေါ်လာသန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ စင်ကာပူ-မြန်မာ-အိန္ဒိယ (မွန်ဘိုင်းနှင့် ချန်နိုင်း) သုံးနိုင်ငံအကြား စွမ်းအားမြင့် ရေအောက်ကေဘယ်(MIST) ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ယနေ့ဆူးလေရှန်ဂရီလာ၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

**ရင်းနှီးမြှုပ်နှံ**

"ကျွန်တော်တို့ ဒီစီမံကိန်းဆောင်ရွက်နိုင်ခြင်းကြောင့် ဒေတာအမြန်နှုန်းတိုးမြှင့်ပြီး အရှေ့တောင်အာရှ ဒေသတွင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာ ရေအောက်ကေဘယ် တည်ဆောက်ရေး မဟာဗျူဟာမြောက်စီမံကိန်းရဲ့ အစိတ်အပိုင်းလည်းဖြစ်ပါတယ်"ဟု NTT Ltd ၏ အမှုဆောင်အရာရှိချုပ် Mr. Sutas Kongdumrongkait က ပြောသည်။

အမေရိကန်ဒေါ်လာသန်း ၄၀၀ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါရေအောက်ကေဘယ်သည် ကီလိုမီတာ ၁၁၀၀၀ ရှည်လျားပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းစတင်လည်ပတ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီက မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ရယူကာ NTT Myanmar ရုံးကိုလည်း စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည့် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၏ လိုအပ်ချက်များအတွက် ဒစ်ဂျစ်တယ်နည်းပညာ ဖြေရှင်းချက်များအား အရှိန်အဟုန်မြင့် တိုးချဲ့လုပ်ဆောင်သွားနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် နှစ်စဉ် ခြောက်ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိကြောင်း၊ ယင်းတိုးတက်မှု သည် ဖွံ့ဖြိုးဆဲ အာရှနိုင်ငံအများစု၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းထက်ပင် မြင့်မားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေအောက်ကေဘယ်စီမံကိန်း ထူထောင်နိုင်မှုကြောင့် ဒေတာစီမံခန့်ခွဲမှုဆော့ဝဲလ် နည်းပညာများ အလျင်အမြန် တိုးတက်လာပြီး မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၁,၂၉၅ | ၁၄,၃၉၂,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၄,၉၉၆ | ၁၉,၂၃၄,၆၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၅၀၀ | ၇၅၈ | ၁၇,၄၇၁,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၂၁၃၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၄၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၅၅ ကျပ် | ၉၉၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၆၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၅၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၅/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၀/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၇.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၃၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၁.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၆၂၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၅.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၀၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၄.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၈.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖုံးမှ

တိုးတက်တဲ့အခြေအနေကို ရောက်စေချင်တယ်။ ဒါမှ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ဟာ ကောင်းမှာပါ။

နိုင်ငံရဲ့တန်ဖိုးဟာ ပြည်သူတွေရဲ့ တန်ဖိုးပါပဲ။ ပြည်သူတွေရဲ့ တန်ဖိုးဟာ ပြည်သူတွေ ဘယ်လောက်စိတ်လုံခြုံမှု ရှိသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ကလေးတွေကို အထူးအလေးပေးပြီး ဒီလိုအစည်းအဝေးတွေကို တက်စေချင်တယ်။ ငယ်ငယ်ကတည်းက ကလေးတွေဟာ နိုင်ငံရေးကို နားလည်စေချင်တယ်။ ငယ်ငယ်ကတည်းက နိုင်ငံရေးဆိုတာ ကိုယ့်ကိစ္စဖြစ်တယ်ဆိုတာ ကလေးတွေအားလုံး ငယ်ငယ်ကတည်းက နှလုံးသွင်းထားစေချင်တယ်။ ကိုယ်တစ်ယောက်တည်းနေလို့ ဘယ်တော့မှ မရဘူး။ ဘယ်သူမှ တစ်ယောက်တည်းနေလို့မရဘူး။ ကျွန်မတို့ လူသားတွေဆိုတာဟာ တစ်ယောက်ကို တစ်ယောက် မှီတင်းပြီး နေရတဲ့သူတွေပါ။ ဒီလိုတစ်ယောက်ကို တစ်ယောက် မှီတင်းပြီး ရှင်သန်ကြရတဲ့သူတွေမို့လို့ တစ်ယောက်နဲ့တစ်ယောက် နေတတ်အောင်လည်း ကျွန်မတို့ ကြိုးစားရတယ်။ နေတဲ့အခါမှာ အေးအေးချမ်းချမ်း ဖြစ်အောင်လို့လည်း ကြိုးစားရတယ်။

**ကြိုးစားနေ**

ကျွန်မတို့နိုင်ငံရဲ့ အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး အခုထိ ဒီနိုင်ငံမှာ လုံးဝငြိမ်းချမ်းရေး ရှိတယ်ဆိုတာ တစ်ခါမှမဖြစ်ခဲ့သေးဘူး။ တစ်နေရာမဟုတ်တစ်နေရာမှာ ပြည်တွင်းစစ်တွေက ဖြစ်နေတာပဲ။ ဒီဟာတွေ ပပျောက်သွားအောင် ကျွန်မတို့အစိုးရက အထူးဂရုပြုပြီး ကြိုးစားနေပါတယ်။ ကျွန်မတို့နိုင်ငံ တစ်နေရာမှာ မငြိမ်မသက်ဘူးဆိုရင် တစ်နိုင်ငံလုံးကို ထိခိုက်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကို လူတစ်ယောက်ရဲ့ အခြေအနေနဲ့ မကြာခဏနှိုင်းယှဉ်ပြီး ပြောပါတယ်။ လူတစ်ယောက်ဟာ လက်ညှိုးလေး နာနေရင်လည်း နာနေတာပါပဲ၊ လက်ညှိုးလေးမို့လို့ မနာဘူးပြောလို့ မရပါဘူး။ ရောဂါကြီးကြီးရှိမှလည်း ဝေဒနာခံစားရတာ မဟုတ်ပါဘူး။ အင်မတန်မှ သေးတဲ့ဝေဒနာလေးလို့ ပြောရမယ့် လက်ညှိုးလေးနာနေတယ်ဆိုရင် နာနေတဲ့အလျောက် အနာခံနေရတဲ့ လူအပေါ်မှာအကျိုးသက်ရောက်မှု ရှိပါတယ်။

ဒီအတိုင်းပဲ ကျွန်မတို့နိုင်ငံရဲ့ပြည်သူပြည်သားတွေဟာ ဘယ်နေရာမှာပဲနေနေ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် နိုင်ငံအတွက် တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ တန်ဖိုးရှိတယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှ တခြားသူကလည်း ကိုယ့်ကိုယုံကြည်နိုင်မှာပါ။ ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့ ကြိုးစားတဲ့အခါမှာ ယုံကြည်မှု တည်ဆောက်ရေးဆိုပြီး ခဏခဏ ပြောပါတယ်။

ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်မယုံကြည်တဲ့သူတွေက လူအများကို ယုံကြည်ဖို့ဆိုတာ အင်မတန်မှ ခက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို အရည်အချင်းပြည့်စုံစေချင်ပါတယ်။ အရည်အချင်းပြည့်စုံတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှ တခြားလူတွေနဲ့ဆက်ဆံရေးဟာ မှန်ကန်နိုင်မယ်။ ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့လူတွေ၊ ကိုယ့်အတွက် ကိုယ်စိုးရိမ်နေတဲ့လူတွေက တခြားလူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ဆက်ဆံရေးမကောင်းကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အတွက် ကိုယ်စိုးရိမ်နေရလို့ပါ။ ဒီလို ကိုယ့်အတွက် ကိုယ်စိုးရိမ်နေရတဲ့ဘဝကနေ လွတ်ကင်းအောင်လို့ ကျွန်မတို့ အားလုံးလက်တွဲပြီး ဆောင်ရွက်မှ ဖြစ်ပါလိမ့်မယ်။ အဲဒီအထဲမှာ ကလေးတွေလည်း ပါပါတယ်။

**တည့်အောင်နေဖို့ သင်ယူကြရ**

ဒီမှာ ထိုင်နေတဲ့ကလေးတွေ အားလုံးက ကျောင်းသွားတဲ့အရွယ် မရောက်သေးဘူးလို့ ထင်ပါတယ်။ တချို့က ကျောင်းမရောက်သေးတဲ့ အရွယ်ပါ။ ဒါပေမယ့် အများစုက ကျောင်းတက်နေကြပြီ၊ အဲဒီတော့ ကျောင်းသွားတဲ့အခါကျရင် ကျောင်းမှာ ဆရာ ဆရာမတွေက သင်ပေးလိုက်တဲ့ စာတွေတင်မဟုတ်ဘူး၊ ဘာသင်ယူရလဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် တည့်အောင်နေဖို့သင်ယူကြရပါတယ်။ ကျောင်းခန်းထဲသွားတယ်ဆိုရင် ကလေးတစ်ယောက်တည်းက ကိုယ်လုပ်ချင်သလို လုပ်နေလို့မရပါဘူး။ အားလုံးထိုင်ပြီး စာရေးဆိုရင် ကိုယ်လည်း ထိုင်ပြီးစာရေးရပါတယ်။ သူများတွေထိုင်ပြီး စာရေးနေတဲ့အချိန်မှာ ကလေးတစ်ယောက်တည်းထပြီး ဆော့ရင် ဆရာမက စိတ်ဆိုးမှာပါ။

ဒီလိုခွင့်ပြုလို့မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်တည်း ဆော့နေရင် ကျန်တဲ့လူတွေကို အနှောင့်အယှက်ဖြစ်ပါတယ်။ ဒီတော့ငယ်ငယ်ကတည်းက ကျောင်းသွားတယ်ဆိုတာ တခြားလူတွေနဲ့ နေတတ်အောင် သင်ယူတာလည်းဖြစ်တယ်။ အသက်ကြီးလာတဲ့အခါ သုံးလို့ရမယ့် ပညာတွေကို သင်ယူဖို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် မိဘတွေက ဒီလိုစိတ်ထားပေးစေချင်ပါတယ်။ ကလေးတွေကို ကျောင်းလွှတ်တယ်ဆိုတာ ပညာသင်ယူဖို့၊ တခြားသူတွေနဲ့ အဆင်ပြေအောင် နေတတ်ဖို့ဖြစ်တယ်ဆိုတာကို နားလည်စေချင်ပါတယ်။ ကိုယ်တိုင်လည်း ဒီလိုပဲစိတ်ထားစေချင်ပါတယ်။

လူတိုင်း လူတိုင်းဟာ ကိုယ့်အသိုင်းအဝိုင်းနဲ့အဆင်ပြေဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကို လူကြီးတွေက သင်ပေးမှလူငယ်တွေက နားလည်မှာပါ။ လူကြီးတွေက သင်ပေးတယ်ဆိုတာဟာ ပါးစပ်ပြောနဲ့ သင်ပေးလို့မရပါဘူး။ ကိုယ်တိုင်လုပ်ပြမှ ဖြစ်တာပါ။ ကလေးတွေဟာ လူကြီးတွေကို ကြည့်ပြီးအတုခိုးပါတယ်။ ဥပမာ တချို့ကလေးတွေကို မိဘတွေက သတိပြုမိမှာပါ။ ကိုယ်ကသင်မပေးလိုက်ဘဲနဲ့တတ်သွားပြီဆိုပြီး ပြောကြပါတယ်။ တကယ်က ကိုယ်ကမသိမသာ သင်ပေးလိုက်တာကို ကိုယ်မသိလို့ပါ။

**အချင်းချင်းညီညွတ်အောင်နေ**

ကိုယ်လုပ်နေတာ၊ တခြားလူကြီးတွေလုပ်နေတာကို ကြည့်ပြီး တတ်သွားကြတာပါ။ ဒီလိုပဲဘယ်သူ့ကိုမှ မကြည့်ဘဲနဲ့တတ်သွားတာ မဟုတ်ပါဘူး။ ဒါကြောင့် လူကြီးတွေဟာ သတိထားဖို့လိုပါတယ်။ လူငယ်တွေအတွက် ကောင်းတဲ့နမူနာဖြစ်ဖို့၊ ကောင်းတဲ့ဥပမာပေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကလေးတွေက တစ်ချိန်လုံး ကြည့်နေတယ်ဆိုတာကို လူကြီးတွေက သဘောမပေါက်ပါဘူး။ ဒါကြောင့် ကျွန်မတို့အချင်းချင်း ညီညွတ်အောင်နေပါ၊ အဆင်ပြေအောင်နေပါ။ ဒါမှ ကျွန်မတို့နောင်လာမယ့်မျိုးဆက်တွေ၊ နိုင်ငံရဲ့အနာဂတ်ကို ထူထောင်မယ့်မျိုးဆက်တွေဟာ အချင်းချင်းအဆင်ပြေအောင် နေနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မဒီနေရာကို လာတဲ့အခါမှာ ဒီနိုင်ငံတိုးတက်အောင်လုပ်ဖို့ ဘယ်လောက် ကြိုးစားရဦးမလဲဆိုတာကို ကျွန်မ သဘောပေါက်လာတယ်။ တောင်စောင်းတွေမှာ နေနိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ ပြည်သူ ပြည်သားတွေဟာ ဖြစ်အောင်နေခဲ့တာ နှစ်တွေရာချီနေပါပြီ။ ဒီလိုနေခဲ့တာတွေကို ပြောင်းလဲဖို့ လိုပါတယ်။ ဒီအတိုင်းပဲကျွန်မတို့ အမြဲနေသွားလို့မဖြစ်ဘူး၊ ခေတ်နဲ့အညီ ကျွန်မတို့ပြည်သူပြည်သားတွေဟာ တိုးတက်ဖို့လိုပါတယ်။ ဒါပေမယ့် တိုးတက်လာတဲ့အချိန်မှာလည်း ကိုယ့်ရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေရဲ့ တန်ဖိုးကို မမေ့ကြပါနဲ့။ ဒါတွေက အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မ ဒီမှာဘာကိုသတိထားမိလဲဆိုတော့ ကျွန်မတို့ငယ်ငယ်တုန်းက အိမ်မှာ နာဂလုံ့ နှစ်ချောင်းရှိပါတယ်။ နာဂလုံ့ နှစ်ချောင်းကို ကြက်ခြေခတ်လုပ်ပြီး အိမ်နံရံမှာချိတ်ထားပါတယ်။ ကျွန်မငယ်ငယ်တုန်းက ဒါနာဂလုံ့တွေ၊ နာဂတွေဆိုတာ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေဖြစ်တယ်။ ဒီတိုင်းရင်းသားတွေက ကျွန်မမိဘတွေအပေါ်မှာ မေတ္တာအလျောက် ပေးထားတဲ့ လက်ဆောင်တွေ ဖြစ်တယ်ဆိုတာ ငယ်ငယ်ကတည်းက သိခဲ့ရပါတယ်။ ဒါကြောင့် နာဂများဟာ ကျွန်မတို့နယ်က ဆွေမျိုးသားချင်းတွေလို ခံစားရပါတယ်။ မိဘတွေ အချင်းချင်း ချစ်ချစ်ခင်ခင်ရှိရင် သားသမီးတွေ အချင်းချင်းလည်း ချစ်ချစ်ခင်ခင် ရှိလာပါတယ်။

**သဘောထားကြီး**

ကျွန်မတို့ တိုင်းရင်းသားများဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ရှိဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီမြို့သေးသေးလေးမှာတောင် မတူတဲ့ ဘာသာတွေရှိကြတယ်။ အချင်းချင်း ညီညီညွတ်ညွတ်နဲ့ အေးအေးဆေးဆေးနေနိုင်တာဟာ နိုင်ငံရဲ့အင်အားဖြစ်ပါတယ်။ ဒီလေရှီးမြို့လေးမှာနေတဲ့ ကျွန်မတို့ ပြည်သူတွေဟာ မြို့သေးပေမယ့် နှလုံးသားကြီးတယ်၊ သဘောထားကြီးတယ်။ သဘောထားကြီးလို့ ကိုယ်နဲ့မတူညီတဲ့ ဘာသာကို ကိုးကွယ်နေတဲ့သူတွေနဲ့ အေးအေးချမ်းချမ်းနေနိုင်တာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်မတို့တစ်နိုင်ငံလုံး နားလည်အောင်လုပ်ရမယ်။

ကျွန်မတို့ နိုင်ငံမှာဒီလိုသဘောထားမကြီးတဲ့နေရာတွေလည်း ရှိပါတယ်။ တစ်ခါတလေဆိုရင် လူမျိုးအရ၊ ကိုးကွယ်တဲ့ဘာသာအရ၊ ပြောတဲ့ဘာသာစကားအရ တစ်ယောက်နဲ့တစ်ယောက်မတည့်ဘဲနဲ့ နေကြရပါတယ်။ မတူလို့မတည့်စရာအကြောင်း ဘာမှမရှိပါဘူး။ မတူပေမယ့်လည်း တည့်အောင်နေနိုင်တယ်။ မတူကွဲပြားမှုကနေ ညီညွတ်မှုထူထောင်နိုင်တယ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ထပ်တလဲလဲပြောနေတာပါ။ တချို့တွေဆိုရင် ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ကြပါဘူး။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ဘဲနဲ့ ကိုယ့်ရဲ့အသိုင်းအဝိုင်းလေး တစ်ခုအတွက် စဉ်းစားကြပါတယ်။ ကိုယ့်ရဲ့ အသိုင်းအဝိုင်းလေး တစ်ခုအတွက် စဉ်းစားရင် ကိုယ့်ကမ္ဘာကြီးက ဘယ်လောက်ကျဉ်းသွားမလဲဆိုတာ စဉ်းစားကြည့်ပါ။ လေရှီးမှာမွေးဖွားပြီး အသက်ကြီးတဲ့အထိ နေသွားတဲ့ ကျွန်မတို့ပြည်သူတွေဟာ လေရှီးအပြင် ဒီကမ္ဘာကြီးက ဘာမှအရေးမကြီးဘူးဆိုတဲ့ စိတ်တွေထားမယ်ဆိုရင် ဘယ်ကောင်းမလဲ။ ကိုယ့်ရဲ့ အဖွဲ့အစည်း၊ ကိုယ့်ပတ်ဝန်းကျင်လေး တစ်ခုအတွက်ပဲ စဉ်းစားတယ်ဆိုတာဟာ ကိုယ့်အတွက်လည်း မကောင်းဘူး၊ ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း မကောင်းဘူး။ လေရှီးမှာနေတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေ၊ ကလေးတွေကို ကမ္ဘာကြီးကိုလှည့်ပြီး ကြည့်ချင်တဲ့စိတ်ဓာတ်တွေ ရှိစေချင်ပါတယ်။ ကမ္ဘာကြီးကိုလှည့်ပြီး ကြည့်ဖို့ဆိုတာ ထွက်ပြီး သွားဖို့မလိုဘူး။ တကယ်ပဲ သဘောထားကြီးကြီးနဲ့ လေ့လာချင်တဲ့စိတ်နဲ့ကမ္ဘာကြီးကို သုံးသပ်လို့ရပါတယ်။

**အစွမ်းကုန်ကြိုးစားပေးပါ့မယ်**

ဒါပေမယ့် ကျွန်မတို့ ပြည်သူပြည်သားတွေ သွားချင်လာချင်တဲ့အခါ သွားနိုင်လာနိုင်တဲ့ အခြေအနေရှိအောင် ကျွန်မတို့က လုပ်ပေးချင်ပါတယ်။ ကိုယ်က ဒီကမ္ဘာကြီးကို သိချင်တဲ့အခါမှာ အခြေအနေမပေးလို့ သိခွင့်မရဘူးဆိုရင် အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ အခြေအနေတိုးတက်ဖို့ အစွမ်းကုန်ကြိုးစားပေးပါ့မယ်။ ဒီလိုကြိုးစားတဲ့အခါမှာ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီးကူညီပါ။ ကိုယ့်အတွက်ကို တာဝန်ယူတဲ့အခါ ကိုယ်က ပတ်ဝန်းကျင်နဲ့ ဆက်စပ်မှုရှိနေတဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း တာဝန်ယူရပါတယ်။ ဒီလိုစိတ်တွေထားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ တိုးတက်တဲ့နိုင်ငံဖြစ်မှာပါ။ ဒါ့အပြင် နိုင်ငံဟာမြန်မြန်ဆန်ဆန် တိုးတက်နိုင်တဲ့ အခြေအနေမှာရှိမှာပါ။

မနေ့က ဟုမ္မလင်း၊ ပင်လည်ဘူးနဲ့ နန်းယွန်းကိုလည်း ရောက်ခဲ့ပါတယ်။ အခု လေရှီးကိုရောက်နေပြီ၊ ဒီအချိန်တိုလေးအတွင်းမှာ ကျွန်မဘာကို သတိပြုမိသလဲဆိုတော့ ဒီဘက်က တိုင်းရင်းသားတွေဟာ တခြားတိုင်းရင်းသားတွေနဲ့ မတူတဲ့ကိစ္စက ဒီဘက်ကလူငယ်လေးတွေက ပိုပြီး တက်ကြွမှုရှိတယ်လို့ မြင်ရပါတယ်။ တစ်နေရာနဲ့တစ်နေရာ အဲဒီလိုမတူညီတာက စိတ်ဝင်စားစရာကောင်းတဲ့အပြင် သင်ယူစရာတွေလည်း အများကြီးပါ။ ကျွန်မစဉ်းစားတယ်၊ ဘာဖြစ်လို့ ဒီဘက်ပိုင်းက လူငယ်တွေဟာ အခြားဒေသထက်စာရင် ပိုပြီး တက်ကြွနေသလိုပဲ အထူးသဖြင့် ယောကျ်ားလေးတွေ ဖြစ်ပါတယ်။ အခြားဒေသတွေမှာ ယောကျ်ားလေးတွေက နည်းနည်းရှက်ပြီး မိန်းကလေးတွေက ပိုပြီးရဲပါတယ်။ ဒီဘက်မှာ ယောကျ်ားလေးတွေက ပွင့်ပွင့်လင်းလင်းနဲ့ တက်တက်ကြွကြွရှိတယ်။ ဒါလူမှုရေးစနစ်ကြောင့် ဖြစ်မယ်၊ ဒီကလေးတွေကို ပြုစုပျိုးထောင်တဲ့အထဲမှာ ကောင်းတဲ့အရာတွေရှိလို့ ကလေးတွေက ဒီလိုဖြစ်တာပဲလို့ ကျွန်မသုံးသပ်ပါတယ်။

**လူတိုင်းလူတိုင်းမှာ မတူတဲ့တန်ဖိုးရှိ**

ဒါကြောင့် လူတိုင်းလူတိုင်းဟာ ဒေသတိုင်းဒေသတိုင်းမှာ ကိုယ့်အတွက်ကို ဂုဏ်ယူစရာတွေရှိပါတယ်။ ကိုယ်မသိပေမယ့် ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ကောင်းနေတဲ့ အရာတွေရှိတယ်။ တန်ဖိုးထားစရာတွေရှိတယ်။ လေးစားစရာတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူပါလို့ ပြည်သူတွေကို ထပ်တလဲလဲသတိပေးပါတယ်။ အားမငယ်ပါနဲ့၊ ဒီလိုမြို့လေးမှာ နေရလို့၊ ဒီလိုတောင်စောင်းတွေမှာ မွေးဖွားကြီးပြင်းလာရလို့ အားငယ်တဲ့စိတ်မရှိပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းလူတိုင်းမှာ တခြားသူနဲ့မတူတဲ့ တန်ဖိုးရှိတယ်။

လူတိုင်းလူတိုင်းမှာ တန်ဖိုးရှိပါတယ်။ လူတိုင်းလူတိုင်း တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကမ္ဘာကြီးမှာ နေသွားတဲ့လူတွေ ဘယ်တစ်ယောက်နဲ့မှ မတူဘူး။ ကိုယ့်လိုလူဆိုတာ တစ်ယောက်ပဲရှိတယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပါ။ အကောင်းဆုံးဖြစ်အောင်လို့ ပြုစုပျိုးထောင်ပါ။ ကျွန်မတို့ အစိုးရအဖွဲ့အနေနဲ့ ဒီလိုအကောင်းဆုံးဖြစ်အောင်လို့ ပြုစုပျိုးထောင်တဲ့နေရာမှာ ဝိုင်းပြီး ကူညီပေးချင်ပါတယ်။

ကျန်းမာရေးနဲ့ ပညာရေးဘက်က ကူညီပေးချင်တယ်။ အဲဒါက တစ်ဦးချင်း တစ်ဦးချင်း ပြည့်ဝတဲ့ အရည်အချင်းရှိလာဖို့၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင်လို့ လုပ်ပေးချင်တယ်။ ဒါဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် အဲဒီလို ဝိုင်းပြီးလုပ်တဲ့နေရာမှာ ပြည်သူတွေပါဝင်ကြပါလို့ ကျွန်မအနေနဲ့ ထပ်တလဲလဲ မေတ္တာရပ်ခံချင်ပါတယ်။ ပြည်သူတွေမပါဝင်ဘဲနဲ့ ဒီနိုင်ငံဟာ မတိုးတက်နိုင်ပါဘူး။ ဘယ်နိုင်ငံမှ မတိုးတက်နိုင်ပါဘူး။

အင်မတန်မှ တိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေကို ကြည့်လိုက်ရင် ဘာတွေ့ရလဲဆိုတော့ သူတို့ရဲ့ပြည်သူတွေက အင်မတန်မှ ဝီရိယရှိတယ်၊ ဇွဲရှိတယ်၊ ကြိုးစားတယ်ဆိုတာကို တွေ့ရပါတယ်။ သူတို့ကပိုပြီးတော်လို့ မဟုတ်ပါဘူး။ မွေးရာပါ ဦးနှောက်ပိုပြီး ကောင်းလို့ မဟုတ်ပါဘူး။ ဒါပေမယ့် ဝီရိယကောင်းလို့၊ ဇွဲကောင်းလို့၊ အလုပ်လုပ်နိုင်တဲ့အင်အားရှိလို့ တိုးတက်တာပါ။ ဝီရိယ၊ ဇွဲတို့ဆိုတာ ကိုယ့်ဟာကိုယ်ဖြစ်အောင်လည်း လုပ်လို့ရပါတယ်။ ကြိုးစားစေချင်ပါတယ်။ ကြိုးစားတဲ့

**စာမျက်နှာ ၄ သို့** ❒



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လေရှီးမြို့မှ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇလုံတောင်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

❒ စာမျက်နှာ ၃ မှ

နေရာမှာ ကျွန်မတို့ ဘယ်လိုအကူအညီ ပေးနိုင်မလဲဆိုတာကို အမြဲလေ့လာပါတယ်။ ပြည်သူတွေနဲ့တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာ ပြည်သူတွေရဲ့လိုအပ်ချက်တွေ ဘာရှိလဲ၊ ဒေသရဲ့လိုအပ်ချက်တွေက ဘာရှိလဲ ဒီဟာတွေကို ကျွန်မတို့အနေနဲ့ ဘယ်လိုပံ့ပိုးပေးနိုင်မလဲဆိုတာ သိချင်လို့၊ ဒီလိုတွေ့ဆုံပွဲတွေ လုပ်တာဖြစ်ပါတယ်။

ကျွန်မ ခန်းမထဲမှာ မလုပ်ချင်ဘူးဆိုတာက ခန်းမထဲမှာဆိုရင် လူနည်းနည်းလေးပဲဝင်လို့ရတယ်။ အများအားဖြင့် ကလေးတွေကို အပြင်မှာထားခဲ့တယ်။ ကလေးတွေကို အပြင်မှာထားခဲ့တဲ့အခါ ဝင်ချင်ကြလို့ ဟိုအော်ဒီအော်နဲ့ ဆူညံကြတာပါ။ အားလုံးအတူတူစုလိုက်တာက အကောင်းဆုံးပါပဲ။ ဒီလိုစုပြီး အခွင့်အရေးရှိတဲ့နေရာမှာ ပြည်သူတွေအနေနဲ့ မေးချင်တာတွေရှိရင် မေးဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်”ဟု ပြောကြားသည်။

**မေးမြန်းတင်ပြ**

ထို့နောက် တွေ့ဆုံပွဲသို့ကြိုတင်တင်ပြမေးမြန်းထားသည့် လေရှီးမြို့နယ်မှ ဦးစစ်ကျော်က လေရှီးမြို့၌ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ လေရှီးမြို့ နန့်ဝယ်ချောင်းမှ ရေအား လျှပ်စစ်ထုတ်လုပ်ပေးနိုင်ရေး၊ လေရှီးမြို့ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သားဖွားဆရာမ ခန့်ထားပေးနိုင်ရေးနှင့် အရည်အချင်းနှင့် ကိုက်ညီသည့်ဒေသခံများအား ဦးစားပေးသင်တန်းဝင်ခွင့်ပြုရေး၊ ထမံသီ-လေရှီး ဆက်သွယ်ထားသည့် လမ်းမကြီး၏ ပျက်စီးနေသည့်နေရာ တစ်မိုင်အား လမ်းလွှဲဖောက်လုပ်ပေးရေးနှင့် ရာသီမရွေးသွားလာနိုင်ရန် မတ်စောက်နေသည့်နေရာများ ပြုပြင်ပေးနိုင်ရေးနှင့် လေရှီးအခြေခံပညာ မူလတန်းကျောင်း(ခွဲ)သို့ သွားရောက်သည့် လမ်းအားပြုပြင်ပေးနိုင်ရေး၊ လေရှီးမြို့ ပြည်သူများအတွက် သောက်သုံးရေ လုံလောက်မှုရှိစေရန် မတူဂီချောင်းမှ ရေပိုက်လိုင်းအား အသစ်လဲလှယ်ပေးနိုင်ရေး၊ ဆမ္မရာမြို့မှ မြို့မိမြို့ဖ ဦးသီးယိုင်းပေါ့က ဆမ္မရာမြို့ သာယာကျေးရွာနှင့် ချယ်ရာကျေးရွာတို့တွင် MPT ဆက်သွယ်ရေးတိုင်များစိုက်ထူပေးရေးနှင့်လေရှီး-ဆမ္မရာလမ်းပေါ်ရှိ ကျေးရွာများ ရွာဝင်ရွာထွက်လမ်းများအားကွန်ကရစ်ခင်းပေးရေး၊ မြို့မိမြို့ဖ ဦးမောင်သန်းက လစ်လပ်နေသည့် ဆရာဝန်များအား အမြန်ဆုံးခန့်ထားပေးရေးနှင့် မြို့နယ်ခန်းမတည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်းသည့် မေးမြန်းတင်ပြချက်များကိုလည်းကောင်း။

ထပ်မံမေးမြန်းတင်ပြလိုသူ ၁၄ ဦးအနက် မဲပေါက်သူသုံးဦးဖြစ်သည့် လေရှီးမြို့နယ်မှ ဦးကီရိုးမှူးက နာဂဒေသဖွံ့ဖြိုးရေးအတွက် အထူးဒေသအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရေးနှင့် ခန္တီးနှင့် ဟုမ္မလင်းမြို့တို့ကို နာဂဒေသထဲသို့ ပြန်လည်ထည့်သွင်းသတ်မှတ်ပေးရေး၊ ဒိန်းဂလိန်းကျေးရွာမှ ဦးပါဆယ်ကံက အခြေခံပညာနှင့် တက္ကသိုလ်ဝင်တန်းပညာ မပြီးမြောက်သည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှကူညီဆောင်ရွက်ပေးရေး၊ လေရှီးမြို့နယ်မှ ဦးကျော်ဝင်းဌေးက နာဂဒေသပတ်ဝန်းကျင်ကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ တံတားများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိစစ်ဆေးသွားရေးနှင့် ဒေသခံများ ဝန်ထမ်းခန့်အပ်ရာတွင် နီးစပ်သူများ ခန့်အပ်နေမှုကို စိစစ်ဆောင်ရွက်ပေးရေး မေးခွန်းများကိုလည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ ဦးကိုလေးဝင်းတို့က ချက်ချင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**သောက်သုံးရေရရှိ**

တင်ပြမေးမြန်းချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးလက်နေ ပြည်သူများအတွက် သောက်သုံးရေရရှိရေးကို အလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေရှီးမြို့နယ်ခန်းမကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နာဂဒေသသာမက အခြားဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ခက်ခဲဒေသများကို အထူးဂရုစိုက်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရက ဆောင်ရွက်ပေးသည့် ကျန်းမာရေးဝန်ဆောင်မှုများကို အသုံးပြုရန်လိုကြောင်း၊ ကျန်းမာရေး ပညာပေးမှုကို လေ့လာကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ပညာသင်ယူမှုမပြီးမြောက်သည့် လူငယ်များအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်လက်မဲ့လူငယ်များအား စာရင်းကောက်ယူပြီး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဒေသခံများ ဝန်ထမ်းခန့်ထားရေး အပိုင်းကို ပြန်လည်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နာဂဒေသသို့ လာရောက်တာဝန် ထမ်းဆောင်ကြသည့် ဝန်ထမ်းများကို ဒေသခံပြည်သူများက စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ တာဝန်ထမ်းဆောင်နိုင်အောင် ကူညီပေးကြစေလိုကြောင်း၊ ပြည်သူများတွင် အခွင့်အရေးရှိသကဲ့သို့တာဝန်လည်းရှိပါကြောင်း၊ ထို့အတူ အစိုးရတွင်လည်း လုပ်ပိုင်ခွင့်ရှိသကဲ့သို့ တာဝန်လည်းရှိပါကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်ပေးရန်ကိစ္စကိုတစ်နိုင်ငံလုံးတောင်းဆိုနေကြပါကြောင်း၊ မိမိတို့အနေဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်း ဆောင်ရွက်ပေးနိုင်ရန်မှာ မလွယ်ကူပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိနိုင်ငံ၊ မိမိဒေသ တိုးတက်ရေးအတွက် မိမိတွင် တာဝန်ရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ဗန်းမောက်မြို့ ဇလုံတောင်သို့ရောက်ရှိကာ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဇလုံတောင်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဇလုံတောင်မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဗန်းမောက်မြို့သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗန်းမောက်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ဒီခန်းမထဲကို ကျွန်မအနေနဲ့ နောက်ကျပြီးရောက်တာကို တောင်းပန်ပါတယ်။ နောက်ကျရတဲ့အကြောင်းရင်းက ကျွန်မကို လမ်းမှာ ပြည်သူတွေက လာနှုတ်ဆက်တဲ့အခါ ပြန်ပြီးနှုတ်ဆက်တော့ အချိန်ယူရပါတယ်။ အဲဒါကို တချို့က ကျွန်မကို ပြည်သူတွေ လက်ကမ်းလို့ရှိရင် လိုက်ပြီး မနှုတ်ဆက်ပါနဲ့လို့ ပြောပါတယ်။

ဒါပေမယ့် ကျွန်မရဲ့အမြင်မှာ လက်ကမ်းလာရင် လက်ဆွဲပြီး ပြန်နှုတ်ဆက်ချင်ပါတယ်။ ဒါကပြည်ထောင်စုစိတ်ဓာတ်လို့ ကျွန်မက သတ်မှတ်ပါတယ်။ ကိုယ့်ကို စေတနာ၊ မေတ္တာနဲ့ ကမ်းတဲ့လက်ကို ကျွန်မက ဆွဲကိုင်မှ ညီညွတ်မှုနဲ့ တိုးတက်မှု ရနိုင်မှာပါ။ ဒါကြောင့် အချိန်တွေကြာရင် နားလည်ပေးစေချင်ပါတယ်။

ကျွန်မအနေနဲ့ ဖြစ်နိုင်ရင် သန်း ၅၀ ကျော် ပြည်သူလူထုကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကိုတွေ့ပြီး နှုတ်ဆက်ချင်ပါတယ်။ တကယ်တော့ ဒါကလက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။

**လျှပ်စစ်မီးရှိမှ အဆင်ပြေ**

ရွာတစ်ရွာနဲ့တစ်ရွာဖောက်ထားတဲ့ လမ်းအမျိုးမျိုး၊ တံတားအမျိုးမျိုးကို ကျွန်မတို့ပြည်သူတွေက တောင်းကြပါတယ်။ အရှေ့အနောက်တောင်မြောက် ဘာမှမကွာခြားပါဘူး။ နောက်တစ်ခုက လျှပ်စစ်မီးကို တောင်းကြပါတယ်။ ပြည်သူများက လျှပ်စစ်မီးရှိမှ အဆင်ပြေမယ်ဆိုပြီး တောင်းကြတာပါ။ ဒီကို မရောက်ခင် ကျွန်မတို့ ဇလုံတောင်မှာ ဝင်ပြီး ဘုရားဝင်ဖူးတော့ ဆရာတော်ကြီးက လျှပ်စစ်မီးလိုချင်တယ်လို့ မိန့်ပါတယ်။ ဆရာတော်ကြီး လျှပ်စစ်မီးလိုချင်တဲ့အကြောင်းက သက်ကြီးရွယ်အိုဘုရားဖူးတွေ ဓာတ်လှေကားနဲ့တက်ပြီး ဘုရားဖူးနိုင်အောင်ဆိုပြီး လျှပ်စစ်မီးရရှိရေးနဲ့ပတ်သက်ပြီး မိန့်ပါတယ်။ ဒီတော့ ကျွန်မတို့ကလည်း ကြိုးစားရမှာပါ။

နောက်ပြီး သောက်သုံးရေကို တချို့ရွာတွေက ကျွန်မတို့ကို တောင်းကြပါတယ်။ ဒါလည်း အင်မတန်မှအရေးကြီးတယ်ဆိုတာအားလုံးအသိပါ။ အဓိကရေမရှိဘဲနဲ့ ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒါတွေကို ကျွန်မ ဦးစားပေးပြီးလုပ်ပါမယ်။ နောက်ကျန်းမာရေးနဲ့ ပညာရေးဆိုရင် ကျန်းမာရေးကို ပိုပြီးတောင်းတာကို ကျွန်မ သတိပြုမိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ပိုပြီးတောင်းတာကို သတိပြုမိတာက ဆရာဝန်၊ သူနာပြုဆရာမတွေ လုံလုံလောက်လောက်မရှိဘူး။ အထူးကုတွေ မရှိဘူး။ ဘယ်ဆေးရုံမှာဆိုရင် ဝန်ထမ်းတွေ ရှိသင့်သလောက်မရှိဘူး။ ဝန်ထမ်းတွေလည်း မလာကြဘူးဆိုပြီး အဲဒီလို တောင်းတာတွေရှိပါတယ်။

ဒါပေမယ့် ကျွန်မစိတ်ဝင်စားတာက ဒီဘက်ပိုင်းမှာ ပညာရေးနဲ့ပတ်သက်လို့တောင်းတာ နည်းပါတယ်။ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းတွေကို တောင်းတာရှိပါတယ်။ ဒါပေမယ့် ကျောင်းတွေနဲ့ပတ်သက်လို့ ပြည်သူလူထုတွေရဲ့တင်ပြချက်တွေ၊ တောင်းဆိုချက်တွေက နည်းနည်း နည်းပါတယ်။ အဲဒါကြောင့် ကျွန်မ အံ့အားသင့်ပါတယ်။

ကျွန်မ စပြီး နိုင်ငံရေးလုပ်ကတည်းက တိုင်းပြည်ကိုလှည့်ပြီး ပြည်သူလူထုတွေနဲ့တွေ့တဲ့အခါမှာ ကျန်းမာရေးနဲ့ ပညာရေးကို အလေးထားပြီး တောင်းတာကို အဲဒီတုန်းကတည်းက တွေ့ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ပညာရေးဘက်ကို တောင်းတာနည်းလာတော့ ကျွန်မက စဉ်းစားရပါတယ်။ ပညာရေးဘက်မှာ အားကောင်းလာလို့လား၊ ပြည်သူတွေအနေနဲ့ ပညာရေးကို အရင်လောက်စိတ်မပါလို့လား၊ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ အခုဒီက ကလေးတွေသာမက မိဘတွေရော ပညာရေးကို စိတ်ပါတယ်ဆိုရင် ပညာရေးဘက်က ကျန်းမာရေးနဲ့စာရင် ပြဿနာနည်းလို့များလားလို့ ကျွန်မ စဉ်းစားမိပါတယ်။ ဒါက ကျန်းမာရေးဝန်ကြီးက သေသေချာချာ စဉ်းစားရမယ့်ကိစ္စပါ။

**အင်မတန်မှကြီးတဲ့တာဝန်**

ပညာရေးဟာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပဲဆိုတာ အမြဲတမ်းပြောပါတယ်။ ဒီကိုလာရင်း လမ်းမှာ ကျောင်းသားကျောင်းသူတွေ အများကြီးတွေ့ရတဲ့အခါ တစ်ဖက်မှာ ကျွန်မတို့နိုင်ငံရဲ့တာဝန်ဟာ အင်မတန်ကြီးပါလားလို့ ခံစားမိပါတယ်။ ဒီကျောင်းသားကျောင်းသူတွေ အဆင့်အမြင့်ဆုံးပညာတတ်အောင်၊ သူတို့ရဲ့ ဘဝလမ်းကြောင်းအတွက် တကယ်ကို တန်ဖိုးရှိမယ့်၊ သုံးလို့ရမယ့် ပညာတတ်အောင် သင်ပေးဖို့ အင်မတန်မှ ကြီးတဲ့တာဝန်လို့ ကျွန်မစဉ်းစားမိပါတယ်။ တစ်ဖက်က ကျောင်းသား ကျောင်းသူတွေ များလေလေ ကျွန်မတို့အနာဂတ်အတွက် အင်အားတွေ များလေလေလို့ စဉ်းစားမိပါတယ်။ ဘဝဆိုတာ ဘယ်တော့မဆိုဟိုဘက် ဒီဘက် ခေါင်းနဲ့ ပန်းလိုရှိနေတာပါ။ တစ်ဖက်ကသူ့ရဲ့အကျိုးဆိုရင် တစ်ဖက်မှ သူ့ရဲ့တာဝန်တွေက ဒီအကျိုးကိုခံစားရဖို့ အားထုတ်ရမယ့် ကိစ္စတွေရှိနေပါသေးတယ်။ ပြည်သူတွေ သဲသဲလှုပ်နေတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ်လည်း ကူညီဖို့လိုပါလိမ့်မယ်။

ပြည်သူတွေကလည်း ကူညီပါ။ ဥပမာ ဝေးလံခေါင်သီတဲ့ နေရာတွေမှာ ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ လိုတယ်လို့ ပြောတဲ့အခါမှာ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးလို ခက်ခဲတဲ့နေရာတွေမှာ ပိုပြီး ကျန်းမာရေးဝန်ထမ်းတွေ သွားနိုင်အောင်၊ ပိုပြီးဆရာဝန်တွေရှိလာအောင် ဘယ်လိုအစီအစဉ်တွေ လုပ်ထားတယ်ဆိုတာကို ရှင်းပြပါတယ်။ တစ်ချိန်တည်းမှာ ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးအနေနဲ့ အမြဲပြောပါတယ်။ ဒီလိုပြင်ပက ဝန်ထမ်းတွေလာရင် ဒေသခံတွေအနေနဲ့ နေစရာလုပ်ပေးပါ။ ဘာဖြစ်လို့လဲဆို ဒီမှာလာပြီး အလုပ်လုပ်တဲ့ ကျန်းမာရေးဝန်ထမ်းဖြစ်ဖြစ်၊ ပညာရေးဝန်ထမ်းပဲဖြစ်ဖြစ် ဒေသပြင်ပက လာတဲ့ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ရပ်ရွာကို စွန့်ခွာခဲ့ရတယ်။ မိသားစုတွေကို ထားခဲ့ရတယ်။ သူတို့အတွက် အင်မတန်မှ စိမ်းနေတဲ့နေရာတစ်ခုကို လာရသလိုပါပဲ။ အဲဒါကြောင့် ဒီနေရာမှာ နေချင်အောင်၊ ကြာကြာ တာဝန်ထမ်းဆောင်ချင်အောင် ဒေသခံတွေက ကူညီမှဖြစ်မှာပါ။ ဒေသခံတွေက ပြင်ပက လူတွေကို အပြင်ကလူတွေ၊ သူစိမ်းတွေဆိုတဲ့စိတ်နဲ့ထားရင် ဒီလူတွေက သူစိမ်းတွေလိုဖြစ်ပြီး နေချင်မှာမဟုတ်ပါဘူး။ ဒါ ကိုယ့်ရဲ့သားချင်းတွေပဲ၊ တို့ရဲ့ဆွေမျိုးတွေပဲ၊ တို့ရဲ့နိုင်ငံသူနိုင်ငံသားတွေပဲ၊ တို့အရပ် တို့ရွာ ကောင်းဖို့အတွက် လာပြီး ကူညီတာပဲဆိုတဲ့စိတ်နဲ့ သူတို့ကို နွေးနွေးထွေးထွေးကြိုဆိုဆက်ဆံမယ်ဆိုရင် ပြင်ပက လာတဲ့ဝန်ထမ်းတွေဟာဒီမှာနေချင်မယ်။ အဲဒီလို ကျွန်မက ဖြစ်စေချင်ပါတယ်။

ကျွန်မတို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပါတယ်။ ဒီလို မြို့တစ်မြို့မှာ ကြည့်လိုက်ရင် တိုင်းရင်းသားဝတ်စုံအမျိုးမျိုးကို ကျွန်မတွေ့ရပါတယ်။ ဒီလိုတိုင်းရင်းသားမျိုးစုံရှိတဲ့ နိုင်ငံမှာ တစ်ယောက်နဲ့တစ်ယောက်ကို သူစိမ်းလိုမြင်လို့မဖြစ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်ကို သူစိမ်းလိုမြင်မယ်ဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်စည်းလုံးညီညွတ်မှုရနိုင်မလဲ။

စာမျက်နှာ ၅ သို့ ❒

# သန့်ရှင်းမှုဖြင့် ဆဲလ်မိုနဲလားပိုးကို ကာကွယ်ပါ

ဒေါက်တာအောင်ဇော်မိုး(မွေး/ကု)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဈေးတချို့ရှိ ကြက်သားများတွင် ဆဲလ်မိုနဲလားရောဂါပိုး တွေ့ရှိခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ထိုသို့သောသတင်းများကြောင့် ပြည်သူများအကြား ကြက်သားစားသုံးမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများဖြစ်ပေါ်ခဲ့သည်။ သို့သော် ဆဲလ်မိုနဲလားပိုးတွေ့ရှိသည့် ကြက်သားကို စားသုံးမိတိုင်း အန္တရာယ်ဖြစ်နိုင်မည်ဟု တထစ်ချမဆိုနိုင်ပါ။ ဆဲလ်မိုနဲလားပိုး မျိုးကွဲတစ်ခုနှင့်တစ်ခု ကွဲပြားမှုရှိသော်လည်း ယေဘုယျအားဖြင့် ဆဲလ်မိုနဲလားပိုးတစ်သိန်းကနေ တစ်သန်းနှင့်အထက် ပါဝင်မှသာ လူကိုအန္တရာယ်ပေးနိုင်မည်။ ထို့ပြင် ယင်းအသားကိုအစိမ်းစားခြင်း၊ မကျက်တကျက်စားခြင်းများကြောင့်သာ လူကိုအန္တရာယ်ပြုနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက လူ၏အစာအိမ်အတွင်းရှိ အက်စစ်ဓာတ်များနှင့် အကျိုးပြုဘက်တီးရီးယားပိုးတို့၏ ခြေဖျက်တိုက်ခိုက်မှုကြောင့် ဆဲလ်မိုနဲလားပိုးများသည် ရှင်သန် အန္တရာယ်ပြုနိုင်ခြင်းမရှိပါ။

ဆဲလ်မိုနဲလားသည် ဘက်တီးရီးယားပိုးတစ်မျိုး၏ အမည်ပင်ဖြစ်သည်။ ၎င်းသည် သက်ရှိသတ္တဝါတိုင်း၏ အူလမ်းကြောင်း၌ တွေ့ရလေ့ရှိသည်။ မျိုးကွဲပေါင်း ၂၆၀၀ ကျော်အထိရှိ၍ ၎င်းတို့ထဲ၌ လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဘက်တီးရီးယားအမျိုးအစား အနည်းငယ်သာ ပါဝင်ပြီး အများစုမှာ တိရစ္ဆာန်နှင့် လူကိုအန္တရာယ်ဖြစ်စေနိုင်ခြင်းမရှိပါ။ ပြင်းထန်သည့်မျိုးကွဲတချို့ကြောင့်သာ အူရောင်ငန်းဖျားရောဂါ (တိုက်ဖွိုက်)နှင့် အစာအဆိပ်သင့်ခြင်းကိုဖြစ်စေသည်။

“ဆဲလ်မိုနဲလားပိုးဆိုတာ ဘက်တီးရီးယားပိုး တစ်မျိုးဖြစ်တယ်။ အဲဒီပိုးကို သက်ရှိသတ္တဝါတွေရဲ့ အူလမ်းကြောင်းမှာ တွေ့ရလေ့ရှိပါတယ်။ ပိုးမျိုးကွဲပေါင်း ၂၆၀၀ ကျော်လောက်ရှိပေမယ့် လူကိုအန္တရာယ်ဖြစ်စေနိုင်တဲ့မျိုးကွဲကတော့ နည်းနည်းပဲရှိပါတယ်။ အများစုကတော့ တိရစ္ဆာန်နဲ့လူတွေကို အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိပါဘူး။ အန္တရာယ်ဖြစ်စေနိုင်တဲ့ ဘက်တီးရီးယားအမျိုးအစား အနည်းငယ်ကြောင့်တော့ အူရောင်ငန်းဖျားရောဂါ (တိုက်ဖွိုက်)နဲ့ အစာအဆိပ်သင့်ခြင်း ဒါမျိုးဖြစ်တတ်ပါတယ်။

ဒါပေမယ့် ကြက်သားကိုစားသုံးမိတိုင်း အန္တရာယ်မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆဲလ်မိုနဲလားပိုးဟာ အပူချိန် ၆၀ ဒီဂရီစင်တီဂရိတ်ဆိုရင် သေနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အသားစားသုံးမှုဓလေ့က ကျက်အောင်ချက်ပြုတ်စားတဲ့ အလေ့အထရှိတဲ့အတွက် အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ အသားစိမ်းကိုင်ပြီးတဲ့အခါတိုင်း လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးကြောဖို့ပါ”ဟု ဆဲလ်မိုနဲလားရောဂါပိုးနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ရန်ကုန်မြို့ရှိဈေးများ၌ ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စာရေးသူ၏သုတေသနစစ်တမ်းအရ ကြက်သားတွင် ဆဲလ်မိုနဲလားပိုးပါဝင်မှု တွေ့ရှိခဲ့သော်လည်း လူကို အန္တရာယ်ဖြစ်စေနိုင်သည့် ဆဲလ်မိုနဲလားမျိုးကွဲ နှစ်ရာခိုင်နှုန်းခန့်သာ တွေ့ရှိခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ကြက်သားများ၌ ဆဲလ်မိုနဲလားပိုးပါဝင်မှုသည် ၆၀ ရာခိုင်နှုန်းကျော်အထိရှိသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆဲလ်မိုနဲလားထက် လူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် ကြက်ငှက်တုပ်ကွေး အစရှိသည့် လုပ်ငန်းများတွင် သုတေသနလုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ ဆဲလ်မိုနဲလားသည် အန္တရာယ်ပေးနိုင်သည်ဆိုသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါမျိုးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကူးစက်ခံရနိုင်ခြေနှင့် ဘေးဥပဒ်ပေးနိုင်မှုနည်းပါးသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ မွေးမြူရေးခြံများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အဓိကအနေဖြင့် မူလအဆင့် မွေးမြူထုတ်လုပ်သည့်ခြံများတွင် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices) များကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။ ခြံများကို မှတ်ပုံတင်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

“ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ဥပဒေနဲ့အညီ မွေးမြူရေးခြံတွေမှာ ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်တွေကို လိုက်နာဆောင်ရွက်စေပါတယ်။ ဒါပေမယ့် အစားအစာဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ဥပမာ–သားသတ်ရုံတွေ၊ လက်လီဈေးတွေ၊ အစားအသောက်ကိုင်တွယ်ရောင်းချသူတွေ သန့်ရှင်းဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အစားအသောက်ကွင်းဆက် (food safety supply chain) မှာပါတဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေကလည်း စနစ်တကျ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုမှသာ ပြည်သူတွေအနေနဲ့ ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအစာတွေကို စားသုံးနိုင်မှာ ဖြစ်ပါတယ်”ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မွေးမြူရေးခြံများမှ ကြက်များ၊ ကြက်သားသတ်ရုံများနှင့် လက်လီရောင်းချသည့် ဈေးများမှ ကြက်သားများကို နှိုင်းယှဉ်လေ့လာချက်များအရ ရောဂါပိုးကိုအများအားဖြင့် ဈေးများတွင် ပိုမိုတွေ့ရှိရသည်။ အဓိကအားဖြင့် သန့်ရှင်းမှုအားနည်းသော ကြက်သတ်ရုံများမှ ကူးစက်ခြင်း၊ ဈေးကွက်တွင်ရောင်းချခြင်း၊ သယ်ဆောင်ခြင်းနှင့် ထားသိုရာတွင် အအေးပေးစနစ် မှန်ကန်မှုမရှိခြင်း၊ ဈေးများ၏ သန့်ရှင်းမှုအားနည်းခြင်းကြောင့် လက်လီဈေးရှိ ကြက်သားများတွင် ဆဲလ်မိုနဲလားပိုးများ ပိုမိုတွေ့ရခြင်း ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်တစ်မျိုးချင်းစီကို ရောဂါဖြစ်စေသည့် ဆဲလ်မိုနဲလားပိုးများလည်းပါဝင်သကဲ့သို့ ရောဂါဖြစ်ပွားခြင်းမရှိဘဲ သယ်ဆောင်ထားသည့် ပိုးမျိုးကွဲများလည်းရှိသည်။ တွားသွားသတ္တဝါများ၊ ကြက်၊ ငှက်သတ္တဝါများတွင် ဆဲလ်မိုနဲလားပိုးကို သဘာဝအားဖြင့် သယ်ဆောင်ထားနိုင်ခြေ ၆၀ ရာခိုင်နှုန်းကျော်အထိ ရှိသည်။

ဆဲလ်မိုနဲလားဘက်တီးရီးယားပိုးသည် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဥရောပနိုင်ငံများတွင် ရောင်းချလျက်ရှိသည့် ကြက်သားများတွင်လည်း ဆဲလ်မိုနဲလားပိုး ပါဝင်နှုန်းသည် ယေဘုယျအားဖြင့် ၃၀ ရာခိုင်နှုန်းကျော်အထိရှိကြောင်း လေ့လာမှုများအရ သိရှိရပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံများရှိ ကြက်သားများတွင် ဆဲလ်မိုနဲလားပိုးပါဝင်မှုကို သုံးရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ဆိုသော်လည်း အဆိုပါနိုင်ငံများသည် ဆဲလ်မိုနဲလားပိုး လျှော့ကျအောင် သုတေသနလုပ်ငန်းများ၊ လေ့လာခြင်းလုပ်ငန်းများနှင့် ထိန်းချုပ်မှုလုပ်ငန်းများကို နှစ်စဉ် ဒေါ်လာသန်းပေါင်းများစွာ အကုန်ကျခံ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့သော်လည်း ဥရောပနိုင်ငံတစ်ခုဖြစ်သည့် ဟန်ဂေရီနိုင်ငံတွင် ကြက်သား၌ ဆဲလ်မိုနဲလားပိုးပါဝင်မှုသည် ၇၀ ရာခိုင်နှုန်း၊ ပိုလန်နိုင်ငံတွင် ၆၀ ရာခိုင်နှုန်း၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံအသီးသီးတို့တွင် ၄၀ ရာခိုင်နှုန်းအထိရှိကြောင်း လေ့လာမှုအထောက်အထားများအရ သိရသည်။

ထို့ကြောင့် ဆဲလ်မိုနဲလားပိုးတွေ့ရှိသည့် ကြက်သားကိုစားသုံးမိတိုင်း အန္တရာယ်ဖြစ်နိုင်မည်ဟု တထစ်ချမဆိုနိုင်သော်လည်း သန့်ရှင်းမှု၊ အစားအစာဘေးကင်းလုံခြုံမှုအတွက် အရေးပေးဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ အစားအသောက်ကွင်းဆက် (food safety supply chain) တစ်ခုလုံးတွင် ပါဝင်သည့် ဆက်စပ်အဖွဲ့အစည်းများအားလုံးက ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် စနစ်တကျ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်။ သို့မှသာ ဆဲလ်မိုနဲလားပိုးတစ်ခုတည်းသာမက ကူးစက်တတ်သည့် ရောဂါပိုးများအန္တရာယ်မှ ကင်းဝေးမည်သာဖြစ်သည်။ ။

**ဆဲလ်မိုနဲလားသည် ဘက်တီးရီးယားပိုးတစ်မျိုး၏ အမည်ပင်ဖြစ်သည်။ ၎င်းသည် သက်ရှိသတ္တဝါတိုင်း၏ အူလမ်းကြောင်း၌ တွေ့ရလေ့ရှိသည်။ မျိုးကွဲပေါင်း ၂၆၀၀ ကျော်အထိရှိ၍ ၎င်းတို့ထဲ၌ လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဘက်တီးရီးယားအမျိုးအစား အနည်းငယ်သာပါဝင်ပြီး အများစုမှာ တိရစ္ဆာန်နှင့် လူကိုအန္တရာယ် ဖြစ်စေနိုင်ခြင်းမရှိပါ။ ပြင်းထန်သည့် မျိုးကွဲတချို့ကြောင့်သာ အူရောင်ငန်းဖျားရောဂါ (တိုက်ဖွိုက်)နှင့် အစာအဆိပ်သင့်ခြင်းကိုဖြစ်**

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ရေကြည်မြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၄ ၊ ၂၅ )ရက် ၊ ( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

တေဇာသီရိခန်းမ ၊ အ.ထ.က ၊ ရေကြည်မြို့။

“ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်အစီအစဉ်တွင်
ရိုတာဗိုင်းရပ်(စ်) ကာကွယ်ဆေး(ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး) နှင့်
ဆုံဆို့–မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)ကို
စတင်ထည့်သွင်းတိုက်ကျွေးထိုးနှံပေးမည်”

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ရိုတာဗိုင်းရပ်(စ်)ကာကွယ်ဆေး (ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး)နှင့် ဆုံဆို့–မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)ကို (၂၀၂၀) ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစတင်၍ ထည့်သွင်းတိုက်ကျွေးထိုးနှံပေးမည် ဖြစ်ပါသည်။
ရိုတာဗိုင်းရပ်(စ်)ကာကွယ်ဆေးကို (၂၀၁၉) ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့နှင့် နောက်ပိုင်း မွေးဖွားသောကလေးများကို တိုက်ကျွေးသွားမည်ဖြစ်သည်။ ဆုံဆို့–မေးခိုင်ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး(စတုတ္ထအကြိမ်)ကို (၂၀၁၈) ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့နှင့်နောက်ပိုင်း မွေးဖွား၍ ငါးမျိုးစပ်ကာကွယ်ဆေး (၃) ကြိမ် ရရှိထားပြီးသော ကလေးများကို ထိုးနှံပေးသွားမည်ဖြစ်ပါသည်။
မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်အတိုင်း မပျက်မကွက်သွားရောက်ကာ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးကြရန် တိုက်တွန်းအပ်ပါသည်။

❒ ကျောဖုံးမှ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၆) ခုမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်**

ရှေးဦးစွာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် "အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ"ကို လုပ်ငန်းတာဝန် (၂၆)ရပ်ချမှတ်ကာ ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်တွင် အဖွဲ့ဝင် ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အဖွဲ့ဝင် ၂၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၆) ခုနှင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

"အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ"၏ (၃)နှစ်ခွဲကျော်ကာလအတွင်း အစည်းအဝေး (၈)ကြိမ် ကျင်းပခဲ့ရာ ဆုံးဖြတ်ချက်စုစုပေါင်း (၁၀၄)ချက်အနက် ဆောင်ရွက်ပြီး (၅၇)ချက်၊ ဆောင်ရွက်ဆဲ (၄၇)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၄၇)ချက်တွင်လည်း ရေရှည်ဆောင်ရွက်ရမည့် အချက် (၁၅)ချက်ပါဝင်သည်ကိုတွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများသည် မြန်မြန်ပြီးစီးပါက မြန်မြန်အကျိုးရှိမည်ဖြစ်သည့်အတွက် အချိန်ကာလသတ်မှတ်ကာ အမြန်ပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများထဲမှ ထူးခြားအောင်မြင်သည့် ဆောင်ရွက်မှုများအနေဖြင့် **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)** နှင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ထုတ်ပြန်နိုင်ခြင်းသည် သက်ဆိုင်ရာ ဌာနအသီးသီးအနေဖြင့် နိုင်ငံတော်က ရှေ့ဆက်သွားမည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို အကောင်အထည်ဖော်ရန် အတွက် အခြေခံကျသည့် လမ်းညွှန်ချက်များနှင့် မူဘောင်များဖြစ်ပါကြောင်း။

ထို့ပြင် "သမားရိုးကျစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်"ကို ကျင့်သုံးနေခြင်းမှ "စွန့်ပစ်ပစ္စည်းများအား ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် အသုံးဝင်ပစ္စည်းများအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း" စသည့် နည်းလမ်းများကို အခြေခံသော "ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်"သို့ ပြောင်းလဲကျင့်သုံးသွားနိုင်ရေးအတွက် **မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** ကိုပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အတည်ပြုပြီးဖြစ်သည့်အတွက် မကြာမီ ထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း။

**ရေးဆွဲထား**

ထို့အတူ "ပုဂ္ဂလိကကဏ္ဍက အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးလာစေရန်၊ သဘာဝသယံဇာတထုတ်ယူအသုံးပြုသည့် စီးပွားရေးလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲနိုင်ရန်၊ ပုဂ္ဂလိကကဏ္ဍအတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်စဉ်ဆက်မပြတ်ရရှိနိုင်စေရေးအတွက် သေချာစေရန်နှင့် အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် အစိုးရဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများ ဖွံ့ဖြိုးလာစေရန်" ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားသည့် **အမျိုးသားအဆင့်အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်**ကိုလည်း ထုတ်ပြန်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ကော်မတီများ၊ ကြီးကြပ်မှုကော်မတီများနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ဗဟိုကော်မတီက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် နှစ်အလိုက် "နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ" ရေးဆွဲပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)** ပါလုပ်ငန်းစဉ်များနှင့် **အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (၂၀၁၈-၂၀၃၀)** ပါလုပ်ငန်းစဉ်များထဲမှ မိမိတို့လုပ်ငန်းဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံကိန်းများ ရေးဆွဲပြီး လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

**အမြဲမပြတ်ဆောင်ရွက်**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ သိရှိအောင် ပညာပေးခြင်း၊ အသိပညာ ပြန့်ပွားအောင် ဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ ဆောင်ရွက်ပေးခြင်းတို့ကို အမြဲမပြတ် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဌာနများနှင့် ကြီးကြပ်မှုကော်မတီအနေဖြင့်လည်း ခွင့်ပြုထားသည့် လုပ်ငန်းများသည် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ"အား လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကို စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု မရှိပါက အဆင့်ဆင့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် မှာကြားလိုပါကြောင်း။

**ရေးဆွဲတင်ပြနိုင်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဦးစားပေးစက်မှုလက်မှုကဏ္ဍ (၉)ခုအောက်ရှိ စက်မှုလုပ်ငန်းများကို "ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်"များ ရေးဆွဲတင်ပြရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်အထိ အချိန်ကာလတိုးမြှင့်ပေးခဲ့ရာ မကြာခင် သတ်မှတ်ကာလပြည့်တော့မည် ဖြစ်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိနယ်မြေဒေသအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲတင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ စိစစ်ကြပ်မတ်တွန်းအားပေးဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ထို့ပြင် တစ်နေ့ထက်တစ်နေ့ ပြောင်းလဲဖြစ်ပေါ်လာနေသည့် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ် လေ့လာပြီး ရင်ဆိုင်တုံ့ပြန်ဖြေရှင်းနိုင်အောင် လိုအပ်သည့် ကြိုတင်စီမံမှုများကိုလည်း ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

**အထောက်အကူဖြစ်**

မြန်မာနိုင်ငံအနေဖြင့် **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)**နှင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်ထားပြီးဖြစ်သလို **အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** နှင့် **အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင် (၂၀၁၈-၂၀၃၀)** တို့ကို ထုတ်ပြန်နိုင်ရေးဆောင်ရွက်နေပြီဖြစ်သည့်အတွက် ယနေ့ရာသီဥတုပြောင်းလဲမှုနှင့် အဏ္ဏဝါပြင်အတွင်း စွန့်ပစ်အမှိုက်များ အပါအဝင် ပလတ်စတစ်အမျိုးမျိုးတို့၏ ညစ်ညမ်းမှုဆိုသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာ (၂)ခုကို ဖြေရှင်းနိုင်ရန် လိုအပ်သည့် မူဝါဒနှင့် မူဘောင်တွေရှိနေပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကို ဖြေရှင်းနိုင်ရန် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

**အရှိန်အဟုန်မြှင့်**

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် ယခုကဲ့သို့ ဆောင်ရွက်ခွင့်ရနေသည့်အချိန်ကာလတွင် မိမိတို့ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့်နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်မှုကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ ကြီးကြပ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ကော်မတီ၏(၃)နှစ်ခွဲကျော်ကာလအတွင်း ရရှိခဲ့သည့်အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များအပေါ်တွင် အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးသွားကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီ၏ အဋ္ဌမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လုပ်ငန်းကော်မတီများမှ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများကို ပေါင်းစပ်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက **မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)** နှင့် **မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)** များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများနှင့် ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီဝင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများဖြစ်ကြသည့် ဦးလဆိုင်း၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်းဟင်းဒါးလ်၊ ဦးလှထွေး၊ ဒေါက်တာစောညိုဝင်း၊ ဦးမြင့်ဇော်၊ ဦးမျိုးသစ်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်းနှင့် ဦးတင်အောင်ဝင်းတို့က ကော်မတီ၏ (၃)နှစ်ခွဲကျော်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ်အခြေခံပြီး ကောင်းမွန်သည့် ပတ်ဝန်းကျင်အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရ ကာကွယ်ကြပ်မတ်ဆောင်ရွက်နေမှုများ၊ Chain Saw နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှု၊ အသုံးပြုမှုနှင့်စပ်လျဉ်း၍ ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

**အသိပညာပေး**

ယင်းနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံ သစ်တောအသင်း အတွင်းရေးမှူး ဦးတင်အေးနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများအား ယခုထက်ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၇)ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

ယင်းနောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

ငွေကြည်




လောကကြီးမှာချာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ် Colonel Khamlek Sengphachanh အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြပြီး ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ လေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော် လေတပ်ဦးစီးချုပ် Colonel Khamlek Sengphachanh အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပူတာအိုခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသော မဂွေဇ - ခေါင်လန်ဖူးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင် စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တေဇကျော်၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းတို့နှင့်အတူ ဇန်နဝါရီ ၂၀ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပူတာအိုခရိုင်အတွင်းရှိ မဂွေဇ-ခေါင်လန်ဖူးလမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမှ မဂွေဇသို့ မော်တော်ယာဉ်များဖြင့် မဂွေဇ-ဆန်းလွတ်ချက် လမ်းအပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်ခင်းလမ်းအခြေအနေ၊ ဆောင်ရွက်ဆဲ တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး





ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇီဝဒမ်းလမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅/၄ မိုင်ကို အပိုင်း (၁) အဖြစ် မဂွေဇမှ ငွါလုံဒမ်းအထိ ၂၅/၄ မိုင်၊ အပိုင်း(၂) အဖြစ် ငွါလုံဒမ်းမှ လုံးထုံဘိုတဲအထိ ၁၀/၀ မိုင်၊ အပိုင်း (၃) အဖြစ် လုံးထုံဘိုတဲမှ မေခမြစ်အနီး ဆီဆုံအထိ ၁၀/၄ မိုင်၊ အပိုင်း (၄) အဖြစ် ဆီဆုံမှ ခေါင်လန်ဖူးအထိ ၁၉/၄ မိုင်ကို နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ တပ်မတော်၏ အနီးကပ်ကြီးကြပ် ထောက်ပံ့ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူနှင့် လက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ စီမံကိန်းအပြီးသတ် ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း။

အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်က မဂွေဇ-ခေါင်လန်ဖူးလမ်းနှင့် ခါကာဘိုရာဇီတောင်ခြေ အမျိုးသားသဘာဝဥယျာဉ် လမ်းပိုင်းဖြစ်သော ပန်နန်းဒင်-ကဝိုင် - ဓဟွမ်ဒမ်းလမ်းနှင့် မဂွေဇ - ခေါင်လန်ဖူးလမ်းများ ဖောက်လုပ်နေမှု၊ လူအင်အားစုဖွဲ့မှု၊ ယာဉ်/ ယန္တရားစုဖွဲ့မှု၊ စက်သုံးဆီ၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ပို့ဆောင်ထိန်းသိမ်းထားရှိမှု၊ နှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကို လည်းကောင်း၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း တာဝန်ခံအရာရှိ ဗိုလ်ကြီးဇင်ဝင်းထိုက်က တပ်မတော်စစ်မြေပြင်အင်ဂျင်နီယာများ အကူအညီဖြင့် တစ်ကြောင်းထိုးမြေလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် ကျောက်တောင်များကို မိုင်းထုပ်ခြင်း၊ မိုင်းဆင်ခြင်း၊ မိုင်းခွဲခြင်းလုပ်ငန်းစဉ်များနှင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးသို့ ပို့ဆောင်ခဲ့သော စက်ယန္တရားနှစ်စီးဖြင့် အဖွဲ့ခွဲ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း။

ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဒီပါမောင်က လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လမ်းအူကြောင်းအတိုင်း တစ်ကြောင်းထိုးရှေ့ပြေးလမ်းဖောက်လုပ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်လှိုင်ဝင်းက တစ်ကြောင်းထိုးဆောင်ရွက်ပြီး အမာခံမြေသားလမ်းအပေါ်တွင် ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းမှူးဗိုလ်ချုပ်တေဇကျော်တို့က လုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး လမ်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် ဒေသခံဌာနေလုပ်သားများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆန်းလွတ်ချက်တောင်ထိပ်အထိ သွားရောက်ခဲ့ပြီး ဆန်းလွတ်ချက်မှ ရီဒမ်းကြိုးတံတားသို့ ဆက်လက်ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို တောင်ထိပ်မှ ကြည့်ရှုခဲ့ပြီး ညအိပ်ရပ်နားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် မဂွေဇ-ခေါင်လန်ဖူးလမ်း ၄၂/၂ မိုင်နေရာသို့ ရောက်ရှိခဲ့ပြီး ရဟတ်ယာဉ်ကွင်း ဖောက်လုပ်ထားမှု၊ ကျောက်တောင်များ မိုင်းခွဲရန်ပြင်ဆင်နေမှု၊ ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းလုပ်ငန်းဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနဝန်ထမ်းများ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ စစ်သည်များနှင့် ဒေသခံဌာနေလုပ်သားများအား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးအတွက် တာဝန်ကျေပွန်ရုံသာမက မွန်မြတ်သောလုပ်ငန်းဖြစ်သဖြင့် စေတနာရော ဝီရိယပါ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ယခုလိုကြမ်းတမ်းသည့်၊ ရာသီဥတုခက်ခဲသည့် မြေပြင်အနေအထားတွင် လုပ်ငန်းဆောင်ရွက်နေကြသူများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျန်းမာရေးဂရုစိုက်ကြရန် အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေခမြစ်ကူးရီဒမ်းကြိုးတံတားအထိ မြေပြင်အခြေအနေအရ ခြေကျင်ခရီးဖြင့် သွားရောက်ပြီး ဆက်လက်ဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေနှင့် မေခမြစ်အား ယန္တရားကြီးများ ဖြတ်ကူးနိုင်မည့်နေရာ၊ ဖောင်ကူးဆိပ်ဆောင်ရွက်မည့်နေရာများကို ရီဒမ်းကြိုးတံတားပေါ်မှ ကြည့်ရှုပြီး အတည်ပြုရွေးချယ် ဆုံးဖြတ်ပေးခဲ့သည်။

**ပြန်လည်ထွက်ခွာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မိုင်တိုင် ၄၂ မှ မဂွေဇသို့ ပြန်လည်ထွက်ခွာခဲ့ပြီး မဂွေဇလမ်းစခန်းတွင် ဆောင်ရွက်ထားရှိပြီးဖြစ်သော မေခမြစ်ဖြတ်ကူးရန် အသုံးပြုမည့် ကူးတို့ဖောင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ပူတာအိုသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းမှုဖြင့် မဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ရာတွင် ပထမရည်မှန်းချက်ဖြစ်သော မဂွေဇ-မေခမြစ်အပိုင်းတွင် အခက်ခဲဆုံးဖြစ်သော ပေ ၇၇၀၀ ဆန်းလွတ်ချက်တောင်အား ခက်ခဲစွာကြိုးပမ်းဖြတ်ကျော်နိုင်ခဲ့ပြီး တောင်ဆင်းကားလမ်း ၄၂/၂ မိုင်အထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယခင်က မဂွေဇမှ ခေါင်လန်ဖူးသို့ ဒေသခံပြည်သူများ ခက်ခဲပင်ပန်းအချိန်ကြာမြင့်စွာ ကူးလူးသွားလာခဲ့ရမှုအခြေအနေမှ မကြာမီ ကားလမ်းပေါက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သဖြင့် ခေါင်လန်ဖူးဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# EII Pilot Project Scale-up Strategy နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးစီး၍ လူမှုဖူလုံရေးအဖွဲ့နှင့် ILO မှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် သုတေသနပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံမည့် EII Pilot Project Scale-up Strategy နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် လာရောက်သတင်းရယူ ရိုက်ကူးနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ တွေ့ဆုံသည်။

**ကြိုးပမ်းဆောင်ရွက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကို တာဝန်သိပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်တတ်သည့် ဝန်ထမ်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံအတွက် မရှိမဖြစ် ဌာနအဖြစ် ရပ်တည်နိုင်ရန်နှင့် ဝန်ထမ်းများသည်လည်း ဌာနအတွက် မရှိမဖြစ် လိုအပ်သူများအဖြစ် အရေးပါနေစေရန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူကို တိုက်ရိုက်ဝန်ဆောင်မှုပေးရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် အများအသိအမှတ်ပြုလက်ခံနိုင်ရန် အစဉ်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ ပြည်သူအတွက် လိုက်ပါဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းများဖြစ်စေလိုပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးစာပေပွဲတော်များကို ဦးဆောင်ကျင်းပလျက်ရှိပါကြောင်း၊ ယခုအခါ အများပြည်သူအားလုံးနှင့် သက်ဆိုင်သည့် ပွဲတော်တစ်ခုအဖြစ် စိတ်ဝင်စားပြီး လက်ခံလာမှုကြောင့် ဒေသအလိုက် စီစဉ်ကျင်းပမှုများလည်း ရှိလာပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးစာပေပွဲတော်များ စတင်ကျင်းပခဲ့ရာမှ ယခုအခါ ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြို့နယ်အဆင့်အထိ ကလေးစာပေပွဲတော်များ ကျင်းပနေကြပါကြောင်း။

အလားတူ ဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များကို အများပြည်သူနှင့် သက်ဆိုင်သည့်နေရာ(Community Centre)အဖြစ် ပေါ်ပေါက်လာစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စာကြည့်တိုက်များမှတစ်ဆင့် ပြည်သူများ အသိပညာတိုးတက်ပြန့်ပွားရေးအတွက် လုပ်ဆောင်နေရာမှ ယခုအခါ လူထုအခြေပြု ဗဟိုဌာနများအဖြစ် ပြောင်းလဲဖော်ဆောင်လျက်ရှိပါကြောင်း၊ အများပြည်သူ ပါဝင်ကိုယ်စားပြုသည့်၊ အများပြည်သူ၏ သဘောထားများကို ဖော်ထုတ်ပေးနိုင်သည့်နေရာများအဖြစ် ပီပြင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းလုပ်ဆောင်မှုများအနက် ပြည်သူများ ပါဝင်လုပ်ဆောင်သည့် စာဖတ်ဝိုင်းများနှင့် ပြည်သူ့စကားဝိုင်းများ ကျင်းပမှုများ တွေ့ရှိရပါကြောင်း။

**ထူးချွန်သည့် သတင်းမီဒီယာသမားများ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားသည့် ဌာနတစ်ခုဖြစ်ရာ ဌာနမှ ဝန်ထမ်းများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် အများပြည်သူကို သတင်းအချက်အလက် ပြန်ကြားပေးသည့် တာဝန်၊ သတင်းအချက်အလက်များ စုစည်းသည့် တာဝန်ကိုလည်း ထမ်းဆောင်နေကြပါကြောင်း၊ ထိုသို့သတင်းအချက်အလက်များကို စုစည်းသည့်အဆင့်မှ ထူးချွန်သည့် သတင်းမီဒီယာသမားများဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် အွန်လိုင်းမီဒီယာထွန်းကားနေသည့် ကာလဖြစ်သည့်အတွက် မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိမြို့နယ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူထံ တင်ပြရင်းဖြင့် ထူးချွန်သည့် သတင်းမီဒီယာသမားများဖြစ်လာမည့် အခွင့်အရေးများလည်း ရှိနေပါကြောင်း၊ ထိုကဲ့သို့ တာဝန်များကို ကြိုးပမ်းဆောင်ရွက်ရင်း ဝန်ထမ်းများသည် တာဝန်ထမ်းဆောင်ရာ ဒေသအတွက်၊ ဌာနအတွက် မရှိမဖြစ်လိုအပ်သူများ ဖြစ်လာမည်ဖြစ်သလို ဌာနသည်လည်း နိုင်ငံအတွက် မရှိမဖြစ် အရေးပါလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e-ID / e-passport အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်





**နေပြည်တော် ဇန်နဝါရီ ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ THALES ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် e-ID / e-passport အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ e-ID စနစ် လုပ်ငန်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လရှရစ် နှင့် THALES ကုမ္ပဏီမှ တာဝန်ရှိသူများ၊ e-ID စနစ်လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများမှ အဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအတွင်း နေထိုင်သော ပြည်သူများအား Biometric Data ကောက်ယူ၍ UID နံပါတ်တစ်လုံးစီ သတ်မှတ် မှတ်ပုံတင်ကာ Database တွင် သိမ်းဆည်းမည့် e-ID စနစ်ကို မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူ၍ e-ID လုပ်ငန်းစနစ်ကော်မတီ ဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ e-ID စနစ်သည် e-Government စနစ်၏ အခြေခံအကျဆုံး လုပ်ငန်းဖြစ်ပြီး လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်အား ယခုအခါ မြန်မာနှင့် ဩစတြေးလျား နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် ဩစတြေးလျားနိုင်ငံ OeSD တို့အကြား လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ e-ID စနစ်ကို နှစ်နှစ်တာကာလအတွင်း အဆင့် သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-ID စနစ်နှင့်ပတ်သက်၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း။

**များစွာအထောက်အကူပြု**

ယခုလည်း နိုင်ငံတော်အစိုးရမှ မျှော်မှန်းထားသည့် ဒစ်ဂျစ်တယ်စနစ်အား အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်နိုင်မှု (Digital S-curve) အတွက် အထောက်အကူဖြစ်စေမည့်နည်းလမ်းများနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံး၏ အကူအညီဖြင့် ပြင်သစ်နိုင်ငံ THALES ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များက e-ID စနစ်နှင့်ပတ်သက်၍ လာရောက်ရှင်းလင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ THALES ကုမ္ပဏီမှ Solution သည် အမျိုးသားလုံခြုံရေးအတွက်သာမက ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အများပြည်သူနှင့် ပုဂ္ဂလိက အီလက်ထရွန်နစ် ဝန်ဆောင်မှုကဏ္ဍများတွင် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးအတွက် အရှိန်အဟုန် မြှင့်တင်သွားနိုင်မည်ဖြစ်ရာ မိမိတို့အကောင်အထည်ဖော်မည့် e-ID စနစ်အတွက် များစွာအထောက်အကူပြုမည့် အချက်အလက်များရရှိပြီး ပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် e-ID စနစ်လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များအနေဖြင့် e-ID စနစ် လုပ်ငန်းနှင့်ပတ်သက်၍ မကြာမီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များ၊ လုပ်ငန်းဆိုင်ရာ မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် e-ID စနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးနှင့် THALES ကုမ္ပဏီမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လရှရစ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြင်သစ်နိုင်ငံ THALES ကုမ္ပဏီမှ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Dieter Dhondl နှင့် e-ID ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက THALES ကုမ္ပဏီနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ မြန်မာနိုင်ငံ၏ e-Government စနစ် စတင်အကောင်အထည်ဖော်ခြင်း၊ လုံခြုံစိတ်ချသော ဒစ်ဂျစ်တယ်သက်သေခံအထောက်အထားဖြင့် Smart Nation သို့ လျင်မြန်စွာ တိုးတက်ပြောင်းလဲမှုနှင့်အတူ တက်လှမ်းခြင်း၊ e-Government ဝန်ဆောင်မှုများကို အသုံးပြုသူများ၏ ဒီဂျစ်တယ်အတွေ့အကြုံ သရုပ်ပြခြင်း၊ e-ID အဆိုပြုလွှာကို သုံးသပ်ခြင်း၊ THALES ကုမ္ပဏီ၏ လုံခြုံစိတ်ချသော ဒီဂျစ်တယ် ID Solutions ကို သုံးသပ်ခြင်း၊ e-ID ဖြင့် ငွေပေးချေမှုများကို လုပ်ဆောင်နိုင်ခြင်း စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်းနှင့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ e-ID စနစ် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ **AFC Cup ခြေစစ်ပွဲမှ**

အမှားများခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးအထိ ပေးခဲ့ရသည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းသည် ပွဲထွက်လူစာရင်းတွင် အမာခံကစားသမား အစုံအလင်အသုံးပြုခဲ့ပြီး ၁၁ မိနစ်မှာပင် သန်းပိုင်က ပထမဆုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အဖွင့်ဂိုးသွင်းယူခဲ့သည့် သန်းပိုင်သည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်း ပြီးခါနီးတွင် ဘာဖိုက ရန်ကုန်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ပွဲကို ဆက်လက်ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ဘာဖို၊ ၆၃ မိနစ်တွင် မောင်မောင်လွင်၊ ၇၁ မိနစ်တွင် အောင်ကျော်နိုင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ အင်ဒရာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၆ မိနစ်တွင် မာဆယ်လိုက သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ငံခြားသားတိုက်စစ်မှူး အီမန်နျူရယ် ပွဲပယ်ခံထားရသောကြောင့် နိုင်ငံခြားသား သုံးဦးသာ ပါဝင်သော်လည်း ပြည်တွင်းကစားသမားများနှင့် တွဲဖက်ကာ ပုံစံကောင်းပြသနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းနှင့် အင်ဒရာအသင်းတို့၏ ခြေစစ်ပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမအကျော့ရလဒ်ကြောင့် ခြေစစ်ပွဲအောင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ချေးငွေအာမခံအဖွဲ့အစည်းထူထောင်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၂**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့ ပူးတွဲကျင်းပသည့် ချေးငွေအာမခံအဖွဲ့အစည်းထူထောင်နိုင်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**အစိုးရမှ စီစဉ်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အစိုးရ၏မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ချေးငွေဝန်ဆောင်မှုပေးရေးနှင့် ထိုင်းနိုင်ငံချေးငွေဝန်ဆောင်မှုအဖွဲ့အစည်း၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် SMEs ဆိုင်ရာ ငွေကြေးမူဝါဒများ၊ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြစ်သည့် ချေးငွေချထားခြင်း၊ ကြွေးမြီကောက်ခံခြင်း၊ ရင်းနှီးမြှုပ်နှံမှု လေ့လာစောင့်ကြည့်ခြင်းနှင့် ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများအား သိရှိနိုင်ရန် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍမြှင့်တင်နိုင်ရန် ဆောင်ရွက်နေသော်လည်း ၎င်းတို့အတွက် ငွေကြေးရရှိနိုင်မှုခက်ခဲပါကြောင်း၊ သို့ဖြစ်၍ အသေးစား၊ အလတ်စားလုပ်ငန်းကဏ္ဍအတွက် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှသာ မြန်မာနိုင်ငံစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် "ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)"၂၀၁၈ – ၂၀၃၀ အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး MSDP ၏ပန်းတိုင် (၃)၊ မဟာဗျူဟာ (၂)မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းမှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ဖန်တီးရေးကို အထောက်အကူပြုရန်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည်ကို သိရှိသည့်အားလျော်စွာ ချေးငွေအာမခံလုပ်ငန်းများအတွက် ချေးငွေအာမခံအဖွဲ့အစည်းတည်ထောင်ရန် အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Credit Guarantee Corporation (CGC) တည်ထောင်ရခြင်း၏ရည်ရွယ်ချက်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအပါအဝင် SMEs လုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက် ချေးငွေအာမခံဝန်ဆောင်မှုဖြင့် အထောက်အကူပြုနိုင်ရန်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား တွေ့ကြုံလာနိုင်သည့် ကြွေးမြီဆုံးရှုံးနိုင်မှုများကို မျှဝေနိုင်ရန်အတွက် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

**အတွေ့အကြုံများ မျှဝေပေး**

ယင်းနောက် ထိုင်းနိုင်ငံဗဟိုဘဏ်မှ Communication and Corporate Relation Group ၏ Assistant Governor ဖြစ်သူ Mrs. Chantavarn Sucharitakul က ထိုင်းနိုင်ငံ၏ လက်ရှိအောင်မြင်နေသော Credit Guarantee လုပ်ငန်းများနှင့် SMEs၊ MSMEs လုပ်ငန်းများအကြောင်းပြောကြားခဲ့ပြီး ယခုဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံဗဟိုဘဏ်က မြန်မာနိုင်ငံတွင် SMEs၊ MSMEs နှင့် Credit Guarantee Corporation (CGC) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်၍ ထိုင်းနိုင်ငံ၏လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများအား မျှဝေပေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲအား အစီအစဉ် ခုနစ်ရပ်ဖြင့် ဇန်နဝါရီ ၂၃ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ကိုယ်စားလှယ် ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့ဘဏ်မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr. Gevorg Sargsyan အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr. Gevorg Sargsyan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ စီမံကိန်းတို့အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ဖက်ညှိနှိုင်း၍ အတည်ပြုချက်ရယူဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် လျှပ်စစ်စွမ်းအား ထိရောက်တိုးတက်စေရေး စီမံချက်၊ ကျန်းမာရေးဆိုင်ရာ စီမံချက်နှင့် ငြိမ်းချမ်းသာယာသော လူထုစီမံချက်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်မှ ယခုလတွင် ထုတ်ပြန်ခဲ့သည့် မြန်မာစီးပွားရေးလေ့လာမှုအစီရင်ခံစာ(Myanmar Economic Monitor– MEM)တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးလာမှုနှင့် ပြည်တွင်းရေးရာကိစ္စရပ်များ ရှိနေသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို ဆက်လက်ပြသလျက်ရှိကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အားကောင်းလာမှုကြောင့် ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မန္တလေးတိုင်းဒေသကြီးအတွင်းမှ** ပိုမိုဝင်ရောက်လာပြီး အရှေ့တိုင်းခရီးသွားများ အများဆုံးဝင်ရောက်ကာ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ အမေရိကန်နှင့် အင်္ဂလန်စသည့် အနောက်တိုင်းခရီးသွားများလည်း အစဉ်လိုက်တိုးတက်ဝင်ရောက်လာကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

**ပိုမိုဝင်ရောက်လာ**

''ကျွန်တော်တို့ဝန်ကြီးဌာနက ခရီးသွားကဏ္ဍမှာပါဝင်ပတ်သက်သူတွေရဲ့ အကျိုးစီးပွား၊ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်ဆက်စပ်ပြီး အကျိုးပြုမယ့် ခရီးသွားဧည့်သည်တွေ နိုင်ငံအတွင်းကို ပိုမိုဝင်ရောက်လာဖို့ ဆက်စပ်ဌာနဆိုင်ရာတွေနဲ့ပေါင်းစပ်ပြီး ဗီဇာဖြေလျှော့မှုတွေနဲ့ ဝင်ရောက်မှု လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်ပေးခဲ့သလို ခရီးစဉ်ဒေသနဲ့ ခရီးသွားဧည့်သည်တွေ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်စေဖို့ Digital Platform ပေါ်မှာလည်း တက်လှမ်းဆောင်ရွက်နေတဲ့အတွက် ခရီးသွားဧည့်သည်တွေ ပိုမိုဝင်ရောက်လာတာ ဖြစ်ပါတယ်။ ဒီလောက်နဲ့ ကျေနပ်မနေဘဲ ၂၀၂၀ ပြည့်နှစ်မှာ ဒီထက်ပိုမိုဝင်ရောက်လာစေမယ့် အစီအမံတွေလည်း ဆက်လက်ဆောင်ရွက်နေပါတယ်''ဟု ၎င်းက ပြောသည်။

**လည်ပတ်ခွင့်ပြု**

မြန်မာနိုင်ငံအတွင်းသို့ အရှေ့တိုင်းခရီးသွားများသာမက အနောက်တိုင်းခရီးသွားများလည်း တိုးတက်ဝင်ရောက်လာနိုင်စေရေးအတွက် ယခုနှစ်ဆန်းပိုင်းတွင် အီတလီနိုင်ငံသား စက်ဘီးအားကစားသမားလေးဦးအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ရှမ်းပြည်နယ်မြို့များသို့ ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ စက်ဘီးစီးနင်း၍ ဖြတ်သန်းဝင်ရောက် လည်ပတ်ခွင့်ပြုကာ အားကစားလှုပ်ရှားမှုဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။

**မျှော်လင့်**

''ပြည်တွင်းမှာ Sport Tourism လှုပ်ရှားမှုအနေနဲ့ စက်ဘီးစီးနင်းပြီး လည်ပတ်ခွင့်ပြုတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဆွဲဆောင်မှုရှိတဲ့ ခရီးစဉ်ဒေသတွေကို ကမ္ဘာကသိရှိနိုင်မယ့် အပြင် ဝေးလံခေါင်သီတဲ့ ခရီးစဉ်ဒေသအသစ်တွေကိုလည်း သွားရောက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ခရီးသွားဈေးကွက်မှာ မြန်မာနိုင်ငံရဲ့အမည်နဲ့ အမှတ်တံဆိပ်ကို ပေါ်လွင်ထင်ရှားစေဖို့နဲ့ ဒီခရီးစဉ်မှတ်တမ်းကို ၎င်းတို့အီတလီနိုင်ငံရဲ့ ဝက်ဘ်ဆိုက်မှာ ပြန်လည်ဖော်ပြပေးခြင်းအားဖြင့် ဥရောပဈေးကွက်ကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်''ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၄၉၂၀၉၇ ဦး ဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ၊
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

# အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှဦးစီး၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ဆေးပညာကို စိတ်ပါဝင်စား၍ လာရောက်လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီလာခံအခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဗီဒီယိုရုပ်သံဖြင့် မိန့်ခွန်းပြောကြားရာတွင် ယခုညီလာခံကြီးကို ကျင်းပခြင်းသည် အားကစားလောက တိုးတက်အောင်မြင်ရန်ဖြစ်သောကြောင့် ဝန်ကြီးဌာနတစ်ခုတည်းသာမက ၄၈ ခုသော အားကစားအဖွဲ့ချုပ်များနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ပါ ပူးပေါင်းဆောင်ရွက်မှသာ Exercise is Medicine (EIM) ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ EIM ဖြစ်လာခြင်းဖြင့် ကျန်းမာရေးတွင် အလွန်အကျိုးရှိပြီး အားကစားလှုပ်ရှားသူများ၏ နှလုံးသွေးကြော၊ ကြွက်သား၊ အဆုတ်၊ အရိုး စသည်တို့ ကြံ့ခိုင်လာ၍ ကျန်းမာကြံ့ခိုင်သောလူမျိုးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ ဆေးရုံဆေးခန်းများတွင် လူနာနည်းပါးပြီး ဆရာဝန် ဆရာမများအနေဖြင့် လူနာနည်းပါးသည့်အတွက် အရည်အသွေးပြည့်ဝစွာ ကုသနိုင်ပါကြောင်း၊ ယခုအခါတွင် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး EIM ကို တစ်ပြည်လုံးအတိုင်းအတာအရ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ယခုညီလာခံကို အားကစားဆိုင်ရာသိပ္ပံပညာနှင့် ဆေးပညာရပ်များ တိုးတက်လာမှုဖြင့် မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို မြင့်မားလာစေရန်၊ အားကစားဆိုင်ရာ တားမြစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော မြန်မာအားကစားလောကအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန်၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ညီလာခံကြီးသည် မိမိတို့ မြန်မာလူမျိုးများ လိုအပ်နေသည့်ကွက်လပ်ကို ပြန်လည်ဖြည့်ဆည်းပေးသည့် ညီလာခံဖြစ်ပါကြောင်း၊ ညီလာခံကြီးအပြီးတွင် မြန်မာနိုင်ငံ အားကစားသိပ္ပံနည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ကျန်းမာရေးတွင်လည်း အားကစားသည် ကုထုံးတစ်ရပ်ဖြစ်ပြီး ပြည်သူအားလုံးပါဝင်သည့် အားကစားလှုပ်ရှားမှုများ၊ လူထုပါဝင်လာသော အားကစားဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ အနာဂတ်တွင် ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ယခုညီလာခံမှ တွန်းအားတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာ့အားကစားလောက၏ အားကစားသိပ္ပံပညာသည် မည်သည့်အနေအထားမှ စတင်ပါဝင်ခဲ့ပြီး ယခုအခါ မည်သို့သောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အားကစားလောကကို ဆေးပညာဖြင့် မည်သို့ဆောင်ရွက်ခဲ့ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ညီလာခံအား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒေါက်တာရဲတင့်လွင်နှင့် ဟောပြောပို့ချမည့် နိုင်ငံတကာပညာရှင်တို့က အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညီလာခံ၌ ခင်းကျင်းပြသထားသော အားကစားဆေးဘက်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ညီလာခံ ဒုတိယအစီအစဉ်အဖြစ် သရုပ်ပြအစီအစဉ်များစတင်ခဲ့ပြီး နိုင်ငံခြားနိုင်ငံမှ အသိပညာရှင်၊ အတတ်ပညာရှင် ၁၄ ဦးက အားကစားဆိုင်ရာသိပ္ပံနည်းကျပညာရပ်များ၊ အားကစားဆိုင်ရာ ဆေးဘက်ပညာရပ်များကို ၎င်းတို့၏ ကျွမ်းကျင်ရာကဏ္ဍတစ်ခုချင်းအလိုက် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် 2019 Novel Coronavirus (2019 -nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ နောက်ဆုံးရသတင်းများအား တင်ပြခြင်း(၂၂ - ၁ -၂၀၂၀)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV)ကြောင့်ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါနှင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၁-၁-၂၀၂၀) ရက်စွဲဖြင့် ထုတ်ပြန်ချက်အရ (၂၀-၁-၂၀၂၀) ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် 2019 Novel Coronavirus (2019–nCoV) ဓာတ်ခွဲအတည်ပြုလူနာ (၂၇၈) ဦးရှိကြောင်း သိရှိရပြီး Hubei Province တွင် (၂၅၈)ဦး ၊ Guangdong Province တွင် (၁၄)ဦး၊ Beijing Municipality တွင်(၅)ဦး၊ Shanghai Municipality တွင် (၁)ဦးတို့ဖြစ်ကြောင်း သိရှိရပါသည်။ ဓာတ်ခွဲအတည်ပြု ရောဂါပိုးတွေ့ရှိရသူများအနက် (၅၁) ဦးမှာ ရောဂါပြင်းထန်လျက်ရှိပြီး (၁၂) ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရှိရပါသည်။

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် (၂၂-၁-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုအဖြစ် ထိုင်းနိုင်ငံတွင်(၂)ဦး၊ ဂျပန်နိုင်ငံတွင် (၁)ဦး၊ တောင်ကိုရီးယားနိုင်ငံတွင် (၁)ဦးနှင့် အမေရိကန်ပြည်ထောင်စုတွင် (၁)ဦးရှိကြောင်း သိရှိရပါသည်။

၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် (၂၂-၁-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု သေဆုံးလူနာ(၆) ဦးရှိကြောင်း သိရှိရပြီး သေဆုံးသူများမှာ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများ ဖြစ်ကြောင်း သိရှိရပါသည်။

၅။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)နှင့်အညီ (၂၂-၁-၂၀၂၀) ရက်နေ့တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပရန် စီစဉ်လျက်ရှိပြီး ၎င်းအစည်းအဝေးတွင် ယခုရောဂါဖြစ်ပွားမှုဖြစ်စဉ်အား ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern–PHEIC) ကြေညာရန် သင့်၊ မသင့်နှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

၆။ လက်ရှိဖြစ်ပွားနေသော 2019 Novel Coronavirus (2019–nCoV) သည် ယခင်ဖြစ်ပွားခဲ့သော ဆားစ်ရောဂါ (SARS) နှင့် မားစ်ရောဂါ (MERS) တို့ကို ဖြစ်ပွားစေခဲ့သော Virus ပိုးများနှင့် မျိုးနွယ်အုပ်စုတူသော ရောဂါပိုးအမျိုးအစားဖြစ်သော်လည်း လက်ရှိဖြစ်ပွားနေသော အခြေအနေသည် လူမှတစ်ဆင့် လူသို့ ကူးစက်နိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ "Limited Human to Human Transmission" ဟု ပဏာမ ထုတ်ပြန်ထားပြီး Novel Coronavirus ( နိုဗယ်ကိုရိုနာဗိုင်းရပ်စ်) ရောဂါပိုးကူးစက်မခံရအောင် ကာကွယ်နိုင်မည့် နည်းလမ်းများအနေဖြင့်–

- ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- လူထူထပ်သောနေရာများကို သွားလာခြင်းမှရှောင်ကြဉ်ခြင်း၊
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်လုံခြုံအောင် ဖုံးအုပ်ထားသောအဝတ်နှင့် နှာခေါင်းစည်း အသုံးပြုခြင်း၊
- တိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊
- လူနာနှင့်ထိတွေ့သော အရာဝတ္ထုများအား အသုံးပြုကိုင်တွယ်ပြီးတိုင်းနှင့် လူနာနှင့်တိုက်ရိုက်ထိတွေ့ပြီးသည့်အခါတိုင်း စနစ်တကျလက်ဆေးခြင်း၊
- ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် လူနာအားထိတွေ့ကိုင်တွယ်ရသည့်အချိန်တိုင်း မိမိကိုယ်ကို ရောဂါပိုး ကူးစက်ခံရခြင်းမရှိစေရန် Infection Prevention and Control အား အထူးဂရုပြုလိုက်နာခြင်း၊
- အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ ပြည်ပခရီးသွားများ အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက် (Travel Advice) ကိုလိုက်နာခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

၇။ 2019 Novel Coronavirus (2019–nCoV) ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင် Website (https://www.mohs.gov.mm/) နှင့် Myanmar CDC Facebook Page (https://web.facebook.com/MyanmarCDC/)တို့မှတစ်ဆင့် ထုတ်ပြန်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကိုလည်း စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာကားပြပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုင်ငံတကာအဆင့်မီ ရန်ကုန်မြို့၏ အကြီးဆုံးမော်တော်ယာဉ်ပြပွဲကြီးဖြစ်သည့် ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ပြပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ယင်းနေရာ၌ပင် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ပထမအကြိမ်ပြပွဲတွင် မော်တော်ယာဉ် Brands ခြောက်မျိုးသာ ပြသနိုင်ခဲ့သော်လည်း ယခုကျင်းပမည့် ဒုတိယအကြိမ်ပြပွဲတွင် BMW၊ Brilliance၊ DFM၊ Ford၊ Fuso၊ GAC၊ Jaguar၊ Land Raver၊ Mazda၊ Mercedes–Benz ၊Nissan၊ Scania၊ Suzuki ၊Toyota နှင့် Volvo စသည့် မော်တော်ယာဉ် Brands ၁၅ မျိုးအထိ ပါဝင်မည်ဖြစ်ကြောင်း အဆိုပါပြပွဲနှင့်ပတ်သက်၍ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ပြပွဲတွင် Modified Street Car Contest၊ ယုံကြည်စိတ်ချရသော အပိုပစ္စည်းနှင့် မော်တော်ယာဉ်ဆိုင်ရာဆက်စပ်ပစ္စည်းများနှင့် အတူ စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

# ပေါင်မြို့နယ်၌ ကျေးလက်နေအမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေး

**ပေါင် ဇန်နဝါရီ ၂၂**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းကို ဇန်နဝါရီ ၁၃ ရက်တွင် ပေါင်မြို့နယ် အလုပ်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပေါင်မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အခြေခံအပ်ချုပ်စက်သင်တန်းသို့ ကျေးရွာလေးရွာမှ သင်တန်းသူ ၂၄ ဦး တက်ရောက်ပြီး ၃၂ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးဆုံးသွားပါက အမျိုးသမီးများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

**ကျေးလက်ဦးစီး**

# စိုးရိမ်ဖွယ်ရာ ကူးစက်ပျံ့နှံ့လာသည့် ကိုရိုနာဗိုင်းရပ်စ်

**အောင်ကျော်ကျော်**




တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပလျက်ရှိပါတယ်။ အဆိုပါ အစည်းအဝေးကို တရုတ်၊ ဂျပန်နဲ့ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။

**အရေးအပေါ်အခြေအနေ ကြေညာဖို့**

ဗိုင်းရပ်စ်ပိုးကြောင့် လူအများအပြား အဆုတ်ရောင်ရောဂါ ကူးစက်ခံစားရတဲ့အတွက် ကမ္ဘာတစ်ဝန်းမှာ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာဖို့ တာဝန်ရှိသူတွေ ဆွေးနွေးညှိနှိုင်းနေပါတယ်။

နိုင်ငံတကာ အရေးပေါ်အခြေအနေ ကြေညာဖို့ ဗိုင်းရပ်စ်ပိုးကူးစက်ခံရနှုန်းဟာ လျင်မြန်စွာ မြင့်တက်လာနိုင်တယ်လို့ ကျန်းမာရေးတာဝန်ရှိသူတွေက ခန့်မှန်းပြောကြားကြပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် အဆုတ်ရောင်ရောဂါကူးစက်မှုနှုန်းဟာ တရုတ်နိုင်ငံ ဟယ်ပယ်စီရင်စု ဝူဟန်မြို့မှာ လွန်ခဲ့တဲ့ လကတည်းက စတင်ဖြစ်ပွားခဲ့တာဖြစ်ပြီး ကူးစက်မှုနှုန်း အလျင်အမြန် မြင့်တက်လျက်ရှိတယ်လို့ သိရပါတယ်။ ယခုအချိန်ထိ စစ်တမ်းတွေအရ တရုတ်နိုင်ငံမှာ ဗိုင်းရပ်စ်ပိုးကြောင့် လူကိုးဦး သေဆုံးခဲ့ပြီး ရောဂါကူးစက်သူ ၄၄၀ ကျော် ရှိတယ်လို့ သိရပါတယ်။ ဟယ်ပယ်စီရင်စုမှာ ကူးစက်ခံရသူ ၂၇၀၊ ပေကျင်းမြို့မှာ ငါးဦး၊ ရှန်ဟိုင်းမြို့မှာ နှစ်ဦးနှင့် ဂွမ်ဒေါင်းစီရင်စုမှာ ၁၄ ဦးတို့ ကူးစက်ခံရတယ်လို့ အမျိုးသားကျန်းမာရေး တာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။

**ကာကွယ်တားဆီးဖို့**

ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုနှုန်းကို ကာကွယ်တားဆီးဖို့ တရုတ်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် အခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတွေကို ဆောင်ရွက်သွားမယ်လို့ တရုတ်တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။

ဗိုင်းရပ်စ်ပိုးစတင်တွေ့ရှိခဲ့တဲ့ ဟယ်ပယ်စီရင်စုမှာ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်တွေ လုပ်ဆောင်လျက်ရှိပြီး လူထူထပ်တဲ့နေရာတွေကို မသွားကြဖို့ သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ လင်းနို့၊ သစ်ကုလားအုတ်စတဲ့ တိရစ္ဆာန်တွေက တစ်ဆင့် လူသားတွေဆီကို ကူးစက်ပြန့်ပွားခဲ့တာဖြစ်ပြီး လူလူချင်း ကူးစက်ပြန့်ပွားမှု ထပ်မံဖြစ်ပေါ်လာခဲ့တာလို့ ကျန်းမာရေးတာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ကိုရိုနာ ဗိုင်းရပ်စ်ပိုးဟာ ဆားစ်ရောဂါလောက်ကူးစက်မှု မမြန်ဆန်ဘူးလို့ သူတို့က ဆိုပါတယ်။

၂၀၀၉ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဝက်အပြင်းဖျား ကူးစက်ရောဂါ၊ ၂၀၁၉ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အီဘိုလာရောဂါကူးစက်မှုတွေကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ အရေးပေါ်အခြေအနေတွေ ကြေညာခဲ့ရပါတယ်။

ဇန်နဝါရီ ၂၂ ရက်မှာ အမေရိကန်ကျန်းမာရေးတာဝန်ရှိသူတွေက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးကူးစက်ခံရသူ လူနာတစ်ဦးစတင်တွေ့ရှိခဲ့တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။

အဲဒီဗိုင်းရပ်စ်ပိုးတွေ့ရှိသူဟာ ဇန်နဝါရီ ၁၅ ရက်က တရုတ်နိုင်ငံ ဝူဟန်မြို့ကနေ ဝါရှင်တန်မြို့ကို ပြန်လည်ရောက်ရှိလာခဲ့တဲ့ လူနာတစ်ဦးဖြစ်တယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဟန့်တားရေးစင်တာတွေက ပြောကြားခဲ့ပါတယ်။ ယခုအချိန်မှာ ဆေးကုသမှုတွေ ပေးလျက်ရှိပါတယ်။ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာနိုင်ဖွယ်ရှိတယ်လို့လည်း ဆရာဝန်တွေက ဆိုပါတယ်။

**ဗိုင်းရပ်စ်ကူးစက်မှု တားဆီးဟန့်တားနိုင်ဖို့**

နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ လော့စ်အိန်ဂျလိစ်လေဆိပ်တွေမှာ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို တားဆီးဟန့်တားနိုင်ဖို့ စီစဉ်ဆောင်ရွက်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

ဒါ့အပြင် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ် (တိုင်ပေ) နှင့် အမေရိကန်နိုင်ငံတို့မှာလည်း ဗိုင်းရပ်စ်ပိုးကူးစက်မှုတွေ တွေ့ရှိရပါတယ်။

ထိုင်းနိုင်ငံမှာ ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ လေးဦးခန့်ရှိတယ်လို့ ကျန်းမာရေးတာဝန်ရှိသူတွေက အတည်ပြုပြောကြားခဲ့ပါတယ်။ အသက် ၇၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးက တရုတ်နိုင်ငံ ဝူဟန်မြို့ကနေ ပြန်လည်ရောက်ရှိခဲ့ပြီး နေမကောင်းဖြစ်လို့ ဆေးရုံမှာ ဆေးကုသမှု ခံယူနေခဲ့ပါတယ်။ ထိုင်းကျန်းမာရေးတာဝန်ရှိသူတွေက အဲဒီအမျိုးသမီးဟာ ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရတယ်လို့ အတည်ပြုခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဘန်ကောက်မြို့အနီးက ဆေးရုံတစ်ရုံမှာ ဆေးကုသမှုခံယူနေပါတယ်။ နောက်ထပ် ရောဂါတွေ့ရှိသူကတော့ အသက် ၆၈ နှစ်အရွယ် တရုတ်ခရီးသွားတစ်ယောက် ဖြစ်ပါတယ်။ သူကလည်း ဝူဟန်မြို့ကို အလည်အပတ်သွားခဲ့သူဖြစ်ပါတယ်။ ကျန်းမာရေးတာဝန်ရှိသူတွေက ဗိုင်းရပ်စ်ပိုးကူးစက်နိုင်မှု ဖြစ်နိုင်ခြေအများဆုံးဖြစ်တဲ့ နောက်ထပ် ရှစ်ယောက်ကို ဆက်လက် စောင့်ကြည့်လျက်ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။ တရုတ်နှစ်သစ်ကူး အခါသမယ မတိုင်မီအချိန်မှာ ထိုင်းနိုင်ငံက ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုတွေကို တင်းကျပ်စွာလုပ်ဆောင်ခဲ့ပါတယ်။ တရုတ်ခရီးသွား သုံးသိန်းခန့်ဟာ ထိုင်းနိုင်ငံကို အလည်အပတ်ခရီး လာရောက်ခဲ့ကြပါတယ်။ ထိုင်းနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု မရှိစေဖို့ ကျန်းမာရေးဆောင်ရွက်မှုတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ တရုတ်ခရီးသွားအများစုလာရောက်တဲ့ အဓိကနေရာငါးခုမှာ ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွေကို အဓိကထားလုပ်ဆောင်လျက်ရှိပါတယ်လို့ ထိုင်းပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။

**လုပ်ဆောင်လျက်ရှိ**

အင်ဒိုနီးရှားနိုင်ငံကလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်မှုကို ကာကွယ်ဖို့အတွက် ဂျကာတာ နိုင်ငံတကာလေဆိပ်မှာ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ချက်တွေကို လုပ်ဆောင်လျက်ရှိပါတယ်။ ဩစတြေးလျအာဏာပိုင်တွေကလည်း တရုတ်နိုင်ငံ ဝူဟန်မြို့ကနေ ပြန်လည်ရောက်ရှိလာတဲ့ ခရီးသွားတွေကို ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

ဒါ့အပြင် ပေကျင်းကနေ ပြုံယမ်းကို လာရောက်တဲ့ ခရီးသည်တွေကို လေယာဉ်စီးနင်းခွင့် ယာယီပိတ်ပင်ထားတယ်လို့ မြောက်ကိုရီးယားနိုင်ငံပိုင် လေကြောင်းလိုင်း Air Koryo က ပြောကြားခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဟာ ခွေးတူ ဝက်တူ သို့မဟုတ် မြေကြွက်လို တိရစ္ဆာန်တွေက နေတစ်ဆင့် စတင်ဖြစ်ပွားနိုင်ဖွယ်ရှိတယ်လို့ တရုတ်ကျန်းမာရေးပညာရှင်တစ်ဦးက စီစီတီဗွီရုပ်သံလိုင်းရဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျန်းမာရေးတာဝန်ရှိသူတွေဟာ ကိုရိုနာဗိုင်းရပ်စ်ပိုး ဘယ်လိုကူးစက်ပြန့်ပွားသလဲဆိုတာကိုလေ့လာမှုတွေ လုပ်ဆောင်နေပါတယ်။

**တိုက်တွန်းပြောကြား**

ပြည်သူတွေအနေနဲ့ လူထူထပ်တဲ့နေရာတွေကိုသွားတဲ့အခါ နှာခေါင်းစည်းတွေ ဝတ်ဆင်ထားဖို့နဲ့ အအေးမိနှာစေးပြီး နာမကျန်းဖြစ်လာရင် ဆရာဝန်ဆီအမြန်ဆုံး သွားရောက်ပြသသင့်တယ်လို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

ကိုးကား -အင်န်အိတ်ချ်ကေ၊
စီအင်န်အင်န်

# လစ်ဗျားၡ ရေနံတင်ပို့မှုရပ်ဆိုင်းခဲ့ခြင်းအပေါ် စိုးရိမ်ကြောင်း အမေရိကန်ပြောကြား

**ထရီပိုလီ ဇန်နဝါရီ ၂၂**

လစ်ဗျားနိုင်ငံတွင် ရေနံဆိပ်ကမ်းများနှင့် ရေနံမြေများ ပိတ်သိမ်းလိုက်ခြင်းကြောင့် ရေနံတင်ပို့မှုရပ်ဆိုင်းလိုက်ရခြင်းအပေါ် စိုးရိမ်ကြောင်း လစ်ဗျားနိုင်ငံရှိ အမေရိကန်သံရုံးက ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမျိုးသားရေနံကော်ပိုရေးရှင်းလုပ်ငန်းများ ရပ်ဆိုင်းလိုက်ခြင်းသည် လစ်ဗျားပြည်သူများအပေါ် နောက်ထပ်မလိုအပ်သည့် ထိခိုက်နစ်နာမှုမျိုးဖြစ်ပေါ်လာခြင်းနှင့် လစ်ဗျားနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေကို ပိုမိုဆိုးရွားစေခြင်းတို့ဖြစ်လာသောကြောင့် အလွန်အမင်း စိုးရိမ်ပါကြောင်း လစ်ဗျားနိုင်ငံရှိ အမေရိကန်သံရုံးက တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အမျိုးသားရေနံကော်ပိုရေးရှင်းလုပ်ငန်းများကိုလည်း ချက်ချင်းပြန်လည်စတင်သင့်ကြောင်း လစ်ဗျားနိုင်ငံရှိ အမေရိကန်သံရုံးက ပြောကြားခဲ့သည်။

မြို့တော်ထရီပိုလီတွင် အခြေစိုက်သော ကုလသမဂ္ဂထောက်ခံသော အစိုးရအနေဖြင့် အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့ကိုဆန့်ကျင်သည့် လက်နက်ကိုင်များအား ထောက်ပံ့ရန် ရေနံမှရရှိသည့် အခွန်ဘဏ္ဍာများကို အသုံးပြုနေကြောင်း စွပ်စွဲကာ လစ်ဗျားအရှေ့ပိုင်းရှိ ခေါင်းဆောင်များက ရေနံဆိပ်ကမ်းများကို သောကြာနေ့တွင် ပိတ်ပစ်ခဲ့သည်။

ရေနံမြေများနှင့် ရေနံဆိပ်ကမ်းများကို ပိတ်လိုက်ခြင်းကြောင့် နေ့စဉ်ရေနံထုတ်လုပ်မှုတွင် ရေနံစည် ၁ ဒသမ ၂ သန်း ဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်းနှင့် ယင်းဆုံးရှုံးမှုသည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၇၇ သန်းဆုံးရှုံးခြင်းနှင့်ညီမျှကြောင်း နိုင်ငံပိုင်အမျိုးသားရေနံကော်ပိုရေးရှင်းက ပြောကြားခဲ့သည်။

အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့သည် ကုလသမဂ္ဂထောက်ခံသောအစိုးရထံမှ ထရီပိုလီအား သိမ်းပိုက်ရန် ကြိုးစားခဲ့သည့် ၂၀၁၉ ခုနှစ် ဧပြီလကတည်းက စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးများကို ဦးဆောင်လာခဲ့သည်။ ယင်းပဋိပက္ခကြောင့် လူဦးရေ ထောင်နှင့်ချီသေဆုံးဒဏ်ရာရရှိမှုများရှိခဲ့ပြီး အရပ်သား ၁၂၀၀၀၀ ကျော် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ရုရှားနိုင်ငံ၌ အစိုးရအဖွဲ့သစ်ဖွဲ့စည်း

**မော်စကို ဇန်နဝါရီ ၂၂**

ရုရှားနိုင်ငံတွင် သမ္မတ ဗလာဒီမာပူတင်က အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်မည်ဟု ကြေညာပြီးနောက် သီတင်းတစ်ပတ်အကြာတွင် အစိုးရအသစ် စတင်ဖွဲ့စည်းခဲ့သည်။ ယခုဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့သစ်တွင် ယခင်ကာကွယ်ရေးဝန်ကြီးဟောင်း ဆာဂျီရှိုဂူနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆာဂျီလာဗော့စ်တို့မှာ ရှိရင်းစွဲရာထူးနေရာတွင်သာ တာဝန်ပြန်လည်ထမ်းဆောင်ရသည်။ ဝန်ကြီးချုပ်သစ် မီခေးလ်ရှူစတင်ဦးဆောင်သော အစိုးရသစ်၏ ကက်ဘိနက်အစည်းအဝေးတွင် သမ္မတပူတင်က အစိုးရအဖွဲ့သစ်၏ အဓိကတာဝန်မှာ နိုင်ငံသားများအား အထောက်အပံ့ပေးမှုကို မြှင့်တင်ရန်ဖြစ်ပြီး နိုင်ငံကို တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**လှိုက်လှိုက်လှဲလှဲဆုတောင်း**

သူ့အနေဖြင့် အစိုးရအဖွဲ့သစ်၏လုပ်ငန်းများ အောင်မြင်စေရန်အတွက် လှိုက်လှိုက်လှဲလှဲဆုတောင်းပြီး ထိုရရှိလာမည့် အောင်မြင်မှုသည် တိုင်းပြည်တစ်ခုလုံး၏ အကျိုးစီးပွားပင်ဖြစ်ကြောင်း သမ္မတ ပူတင်က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားသည်။ ဝန်ကြီးချုပ်သစ် မီခေးလ်ရှူစတင်က ဝန်ကြီးအဖွဲ့အနေဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရန် အလေးထားပြီး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်က သမ္မတပူတင်၏အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပြုလုပ်မည်ဟု ကြေညာအပြီး ဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဦးဆောင်သော အစိုးရအဖွဲ့ နုတ်ထွက်သွားခဲ့သည်။ ယခုဆောင်ရွက်ခဲ့သော အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတွင် ပါလီမန်ကို လုပ်ပိုင်ခွင့်အာဏာပိုမိုအပ်နှင်းထားပြီး အနာဂတ်တွင် ပူတင်ခေါင်းဆောင်လာနိုင်သည့် နိုင်ငံတော်ကောင်စီ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ထားသည်။

**အစီအစဉ်ချမှတ်ထား**

သမ္မတ ပူတင်က နိုင်ငံ၏ကျဆင်းနေသော စီးပွားရေးကို မြှင့်တင်ရန်အတွက် အမျိုးသားစီးပွားရေးဆိုင်ရာစီမံကိန်းများကို အခြေခံအဆောက်အဦ၊ ဒစ်ဂျစ်တယ်ဆိုင်ရာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့တွင် အမေရိကန်ဒေါ်လာဘီလီယံ ၄၀၀ မျှ အကုန်အကျခံပြီးဆောင်ရွက်ရန် အစီအစဉ်ချမှတ်ထားသည်။

ဝေဖန်သူများက သမ္မတ ပူတင်အား အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုကို အလောတကြီးဆောင်ရွက်ခဲ့သည်ဟု ဝေဖန်ခဲ့သည်။ ယခုဆောင်ရွက်မည်ဖြစ်သော အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူလူထုကို သတင်းအချက်အလက်များ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်မှ ပြောခွင့်ရသူ ဒီမီရီပက်ဆော့က ပြောကြားသည်။ သို့သော် အထက်ပါဆွေးနွေးပွဲများအတွက် အစိုးရက မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို မသိရသေးချေ။

ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – စိုးသူရ

# ကက်ရှ်မီးယားအရေးတွင် ပါကစ္စတန်နိုင်ငံကို ကူညီရန်အသင့်ရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြော

**ဒါဗို့စ် (ဆွစ်ဇာလန်) ဇန်နဝါရီ ၂၂**

ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရန်ခန်းနှင့် ကက်ရှ်မီးယားအရေး ဆွေးနွေးခဲ့ပြီး တတ်နိုင်သလောက် ကူညီမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။ "ကက်ရှ်မီးယားအရေး၊ ပါကစ္စတန်၊ အိန္ဒိယတို့နဲ့ဆက်ဆံရေးအကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီး ကျွန်တော်တို့ တတ်နိုင်သလောက် သေချာပေါက် ကူညီမှာဖြစ်ပါတယ်"ဟု ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ပြုလုပ်သည့် အစည်းအဝေး၌ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်နိုင်ငံက ကက်ရှ်မီးယားအရေးကို အနီးကပ်စောင့်ကြည့်နေကြောင်း ၎င်းကဆိုသည်။ အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီကလည်း အကူအညီတောင်းခံခဲ့မှုကြောင့် ကက်ရှ်မီးယားအရေး ဆွေးနွေးရာတွင် သတိကြီးစွာထားခဲ့ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ နှစ်နိုင်ငံကြား အငြင်းပွားမှုများကို နှစ်ဖက်အမြင်ဖြင့် ဖြေရှင်းရန် သဘောတူညီခဲ့သည့် ၁၉၇၂ ဆင်းမလား သဘောတူညီချက်ကြောင့် ကက်ရှ်မီးယားအရေး သို့မဟုတ် နှစ်နိုင်ငံကြား အငြင်းပွားမှုများတွင် တတိယတိုင်းပြည်ပါဝင်မှုကို အိန္ဒိယနိုင်ငံက ဆန့်ကျင်လျက်ရှိသည်။ ပါကစ္စတန်နှင့် အမေရိကန်ကြား ဆက်ဆံရေးမှာ နီးကပ်မှုအရှိဆုံးအချိန်ဟု ဒေါ်နယ်ထရမ့်က ပြောသည်။ အိန္ဒိယနိုင်ငံနှင့် အငြင်းပွားမှုပြဿနာတွင် အမေရိကန်နိုင်ငံက အခန်းကဏ္ဍတစ်ရပ်အနေဖြင့်ပါဝင်ရန် အမ်မရန်ခန်းက အကြံပြုခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည့်မှတ်တမ်းအရ သိရသည်။

"ကျွန်တော်တို့အတွက် ကက်ရှ်မီးယားအရေးဟာ အလွန်ကြီးမားတဲ့ ပြဿနာတစ်ခု ဖြစ်ပါတယ်။ ဘယ်တိုင်းပြည်ကမှ မတတ်နိုင်တဲ့အတွက် ကက်ရှ်မီးယားအရေး ဖြေရှင်းရာမှာ အမေရိကန်နိုင်ငံက အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်ရဖို့ အမြဲတမ်းမျှော်လင့်ပါတယ်"ဟု သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ အိန္ဒိယနိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်အတွင်း ပါကစ္စတန်နိုင်ငံသို့ သွားရောက်မည်လားဟု သတင်းထောက်တစ်ဦးက မေးမြန်းခဲ့ရာ ဒါဗို့စ်မြို့တွင် ဝန်ကြီးချုပ် အမ်မရန်ခန်းနှင့် တွေ့ဆုံခဲ့သောကြောင့် သွားရောက်မည်မဟုတ်ဟု ဒေါ်နယ်ထရမ့်က ဆိုသည်။

ကုန်သွယ်မှုနှင့် အာဖဂန်နစ္စတန်အရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်ဟု ဒေါ်နယ်ထရမ့်က ပြောသည်။



ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရန်ခန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းမှုရရှိရေးနှင့် တာလီဘန်အဖွဲ့နှင့် အစိုးရတို့အကြား ဆွေးနွေးမှုများနှင့်အတူ အာဖဂန်နစ္စတန်၌ စနစ်တကျ အသွင်ကူးပြောင်းမှုဖြစ်ရေးကိုလည်း နှစ်နိုင်ငံစလုံးက စိတ်ဝင်စားပါကြောင်း အမ်မရန်ခန်းက ပြောသည်။

**ကိုးကား– Gulf Today**

**ဘာသာပြန် – ကျော်ထိုက်စိုး**



ပြင်သစ်သမ္မတ မက်ခရွန်နှင့် အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု။

# နေတန်ယာဟုနှင့် တွေ့ဆုံရန် ပြင်သစ်သမ္မတ အစ္စရေးသို့ သွားရောက်လည်ပတ်

**ဂျေရုဆလင် ဇန်နဝါရီ ၂၂**

ပြင်သစ်သမ္မတ အင်မာနျူအယ်လ်မက်ခရွန်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးရန် အစ္စရေးနိုင်ငံသို့ ယနေ့အစောပိုင်းက ထွက်ခွာသွားသည်။

ပြင်သစ်သမ္မတ မက်ခရွန်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဇနီးတို့က အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ ဝန်ကြီးချုပ်၏ အိမ်တော်တွင် လှိုက်လှဲစွာကြိုဆိုခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မက်ခရွန်နှင့် နေတန်ယာဟုတို့သည် နံနက်စာကို အတူတူသုံးဆောင်ခဲ့ကြပြီး နံနက်စာ စားပွဲဝိုင်းတွင် အလုပ်သဘောဆွေးနွေးမှုတစ်ခုပြုလုပ်ခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် ပြင်သစ်နှင့်အစ္စရေးခေါင်းဆောင်တို့သည် အီရန်နိုင်ငံနှင့် ပါလက်စတိုင်းပြည်သူတို့အရေးနှင့် ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် အစ္စရေးအတိုက်အခံပါတီခေါင်းဆောင် ဘင်နီဂန့်စ်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့နှင့် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

မက်ခရွန်သည် ဇန်နဝါရီ ၂၁ ရက် ညပိုင်းက တဲလ်အဗစ်မြို့အပြင်ဘက်ရှိ ဘင်ဂူရီယံလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

မက်ခရွန်သည် အစ္စရေးနိုင်ငံ၌ ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပမည့် အော့ချ်ဝစ်ဇ်စခန်း လွတ်မြောက်သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကိုလည်း တက်ရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# အတိုက်အခံခေါင်းဆောင် ဂွါအီဒို၏ ရုံးခန်းများကို ဗင်နီဇွဲလားထောက်လှမ်းရေးတပ်ဖွဲ့များ စီးနင်း

**ကရာကတ်စ် ဇန်နဝါရီ ၂၂**

ဗင်နီဇွဲလားနိုင်ငံ၏ ဆီဘင်ထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့က ဥရောပတိုက်သို့ ခရီးထွက်နေသည့် အတိုက်အခံခေါင်းဆောင် ဂွါအီဒို၏ ရုံးခန်းများကို ဝင်စီးခဲ့ကြောင်း အတိုက်အခံအမတ်တစ်ဦးက ပြောကြားသည်။

"ထောက်လှမ်းရေးအရာရှိတွေ ဥက္ကဋ္ဌ ဂွါအီဒိုရဲ့ ရုံးခန်းအတွင်းမှာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့ အတည်ပြုပါတယ်"ဟု လွှတ်တော်အမတ် ဒယ်လ်ဆာဆိုလာဇာနိုက ကရာကတ်စ်မြို့တော်ရှိ ဗူးရစ်တာဝါ၌ လုံခြုံရေးအစောင့်များနှင့် စကားပြောကြားပြီးနောက် သတင်းထောက်များသို့ ပြောကြားခဲ့သည်။




တိုင်းပြည်၏ စီးပွားရေးပြိုလဲသည်ဟု ရှုမြင်ခဲ့ကာ ယခုနှစ်အစောပိုင်းတွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်ခံမည့် ကြိုးပမ်းမှုကိုပိတ်ပင်ရန် ကြိုးပမ်းခဲ့သည့် ဆိုရှယ်လစ်သမ္မတ နီကိုးလပ်မာဒူရိုနှင့် အာဏာရရှိရေးယှဉ်ပြိုင်ရာတွင် အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်က အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဂွါအီဒိုအား သမ္မတအဖြစ် အသိအမှတ်ပြုခဲ့သည်။ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အစ္စမေးလ်လီယွန်သည် ယမန်နေ့က လွှတ်တော်မှအပြန် အဖမ်းခံခဲ့ရကြောင်း အတိုက်အခံအဖွဲ့က ပြောကြားသည်။ အတိုက်အခံအဖွဲ့၏ ရုံးခန်းများတည်ရှိရာ ဗူးရစ်တာဝါကို အနက်ရောင်ဝတ်စုံ လက်နက်ကိုင်ထောက်လှမ်းရေး အရာရှိများက ဝိုင်းခဲ့သည်။ ရှာဖွေမှုစတင်ချိန်တွင် ရုံးခန်းများအတွင်း လူမရှိကြောင်း အတိုက်အခံအဖွဲ့က ဆိုသည်။ "မျက်မြင်သက်သေမရှိ၊ ရှာဖွေဝရမ်းမရှိဘဲ သူတို့ရုံးခန်းတွေကို စီးနင်းခဲ့ပါတယ်"ဟု ဆိုလာဇာနိုက ပြောကြားသည်။

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ရုံးခန်းများအတွင်း ရုတ်တရက်ဝင်ရောက်ခဲ့ကြောင်း လွှတ်တော်အမတ် အိန်ဂျယ်တောရက်စ်က ပြောသည်။ ဗင်နီဇွဲလားအာဏာပိုင်များက လွှတ်တော်အမတ်လီယွန်ကို ဖမ်းဆီးမှုနှင့် ပတ်သက်၍ မှတ်ချက်မပေးချေ။ အသက် ၃၆ နှစ်အရွယ် ဂွါအီဒိုသည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တော်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ လည်ပတ်မှုအပါအဝင် ဥရောပခရီးစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဆွေးနွေးမှုများပြုလုပ်ရန် လန်ဒန်မြို့တော်သို့ သွားရောက်ခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် ဂွါအီဒိုသည် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တော်သို့ သွားရောက်ကာ မာဒူရိုအား ရာထူးမှဖြုတ်ချရေးတွင် အမေရိကန်နိုင်ငံက ပို၍ပံ့ပိုးကူညီမည်ဟု ကတိပြုခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံတကာ၏ ထောက်ခံအားပေးမှုရှိနေလင့်ကစား မာဒူရိုအား ရာထူးမှဖြုတ်ချရေးကြိုးပမ်းမှုများမှာ တန့်နေဆဲဖြစ်ပြီး ၎င်းမှာ ဩဇာကြီးမားသော ဗင်နီဇွဲလားတပ်မတော်အပြင် မဟာမိတ်များဖြစ်သော တရုတ်၊ ရုရှားနှင့် ကျူးဘားနိုင်ငံတို့၏ ထောက်ခံမှုကို ရရှိထားသည်။

**ကိုးကား– အေအက်ဖ်ပီ**

**ဘာသာပြန် – ကျော်ထိုက်စိုး**



ဂရိနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာသည့် အက်ခါထရီနီ ဆက်ခလာရိုပိုလို။

# ဂရိပါလီမန်က ပထမဆုံးအမျိုးသမီး သမ္မတ ရွေးကောက်တင်မြှောက်

**အေသင် ဇန်နဝါရီ ၂၂**

နိုင်ငံ၏ သမိုင်းတစ်လျှောက် ပထမဦးဆုံး အမျိုးသမီးသမ္မတကို ဂရိပါလီမန်က ဇန်နဝါရီ ၂၂ ရက်က ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းအမျိုးသမီးသည် ပတ်ဝန်းကျင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူ ဝါရင့်တရားသူကြီးတစ်ဦးဖြစ်သည်။ လွှတ်တော်အမတ်အများစုဖြစ်သည့် အမတ် ၂၆၁ ဦးက အသက် ၆၃ နှစ်အရွယ်ရှိ အက်ခါထရီနီ ဆက်ခလာရိုပိုလိုကို ထောက်ခံမဲပေးခဲ့ကြောင်း၊ ၎င်းသည် ဂရိသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီဖြစ်ကြောင်း ပါလီမန်အကြီးအကဲ ကို့စ်တပ်စ် တက်စ်ဆိုလာ့စ်က ပြောကြားသည်။

ယခုအချိန်တွင် နိုင်ငံတော်ကောင်စီနှင့် ဂရိနိုင်ငံ၏ အမြင့်ဆုံးအုပ်ချုပ်ရေးတရားရုံးတို့၏ အကြီးအကဲဖြစ်သည့် သမ္မတသစ်သည် မတ် ၁၃ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်ကြောင်း ပါလီမန်အကြီးအကဲက ပြောကြားသည်။

တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး၏ သမီးဖြစ်သည့် အက်ခါထရီနီ ဆက်ခလာရိုပိုလိုသည် ပါရီမြို့ရှိ ဆိုဘွန်းတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းများကို ပြီးမြောက်အောင်မြင်ခဲ့သည်။ ၎င်းသည် နိုင်ငံတော်ကောင်စီကို ဦးဆောင်မည့် ပထမဆုံးအမျိုးသမီးလည်း ဖြစ်သည်။

သမ္မတသည် အမည်အားဖြင့် ဂရိနိုင်ငံ အကြီးအကဲနှင့် ကာကွယ်ရေးဦးစီးချုပ် အကြီးအကဲဖြစ်သော်လည်း သမ္မတရာထူးသည် အဓိကအားဖြင့် အခမ်းအနားနှင့်သာဆိုင်သည့် ရာထူးဖြစ်သည်။ ဂရိသမ္မတများသည် အစိုးရအဖွဲ့များနှင့် ဥပဒေများကို အတည်ပြုနိုင်ပြီး အစိုးရနှင့်အတူ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာလျှင် စစ်ကြေညာနိုင်သည့် အာဏာရှိသည်။

**ကိုးကား– အေအက်ဖ်ပီ**

**ဘာသာပြန်– အောင်ဇော်လင်း**

# အမ်းမြို့နယ်၌ မော်တော်ယာဉ်တစ်စီးအား AA အဖွဲ့က မီးရှို့ဖျက်ဆီး၊ ယာဉ်မောင်းတစ်ဦး မီးလောင်ဒဏ်ရာများရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-စစ်တွေကားလမ်း၌ ဇန်နဝါရီ ၂၀ ရက်က AA အဖွဲ့က မော်တော်ယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခန့်က အမ်း-စစ်တွေကားလမ်း မိုင်တိုင်(၁၈/၄) တွင် မော်တော်ယာဉ်တစ်စီး မီးလောင်နေကြောင်း သတင်းအရ အမ်းမြို့မရဲစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဟွန်ဒိုင်းမှန်လုံယာဉ်တစ်စီးအား နံနက် ၂ နာရီခွဲခန့်တွင် AA အဖွဲ့က မီးရှို့ခဲ့ကြောင်း သိရသဖြင့် အမ်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း။

ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် အမ်းမြို့နယ် တပ်နယ်ဆေးရုံ၌ ယာဉ်မောင်းဖြစ်သူ မှော်ဘီမြို့နေ ဝေပိုင်မိုး(၂၃)နှစ်သည် ဝဲ/ယာခြေထောက်၊ ယာလက်ကောက်ဝတ် မီးလောင်ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသဖြင့် သွားရောက်မေးမြန်းခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ AA အဖွဲ့က မီးရှို့ခဲ့သည့် မော်တော်ယာဉ်မှာ ရန်ကုန်-စစ်တွေပြေးဆွဲသည့် ရွှေကံ့ကော်ခရီးသည်တင်ယာဉ်လိုင်းမှ ဟွန်ဒိုင်းမှန်လုံယာဉ်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းမှ ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ကာ ယာဉ်နောက်လိုက်တစ်ဦးနှင့်အတူ အမ်းမြို့၌ ညအိပ်ခဲ့ကြောင်း၊ ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခန့်တွင် ယာဉ်နောက်လိုက်အား အမ်းမြို့တွင်ထားရှိပြီး ၎င်းတစ်ဦးတည်း အဆိုပါယာဉ်ကို မောင်းနှင်လာခဲ့ရာ ည ၁၁ နာရီခန့်တွင် အမ်း-စစ်တွေကားလမ်း မိုင်တိုင် (၁၈/၄)ရောက်ခြုံတောင်အနီးတွင် အင်ဂျင်ဝိုင်များယိုစိမ့်ပြီး မောင်းနှင်မရတော့၍ လမ်းဘေးတွင် ကားရပ်အိပ်ခဲ့ကြောင်း။

ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီတွင် AA အဖွဲ့ရောက်ရှိလာပြီး ယာဉ်မောင်းအပါအဝင် ဟွန်ဒိုင်းမှန်လုံယာဉ်အား မီးရှို့ခဲ့ကြောင်း၊ ယာဉ်မောင်းဝေပိုင်မိုးက ၁၅ မိနစ်ခန့်အကြာ ကားတံခါးအား တွန်းဖွင့်ပြီး ခုန်ချထွက်ပြေးခဲ့ရာ AA အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သော်လည်း ထိမှန်ခြင်းမရှိကြောင်းနှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းမျိုးစုံ ငွေကျပ်သိန်း ၂၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်ဟု သိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်နှစ်ရှည်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ ထောင်ဒဏ်အနှစ် ၂၀ စီချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နေ ဒေါ်ခင်ခင်စန်း(ခ) ဒေါ်ခင်သန်း၊ မယမုန်ဇင်(ခ)ယမုန်၊ ကျောက်ဖြူမြို့နေ မအေးအေးသန်း၊ မနုနုဌေး၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လယ်မအင်းရွာနေ မအေးမြတ်မွန်(ခ)မြတ်မွန်၊ တရုတ်နိုင်ငံနေ မစိမ်း (ခ) အေးအေးခိုင်နှင့် မစိုးစိုး(ခ)ကွတ်ကွတ်တို့က ကျောက်ဖြူမြို့နယ် ကုန်းဘောင်ရွာနေ မ--- ၁၉ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ မ---- ၄၀ နှစ်တို့အား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၂၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံးလျက် တရုတ်ဇနီးအဖြစ် ရောင်းစားရန်စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်းက (ပ) ၂၁၇/၂၀၁၉နှင့် (ပ) ၂၁၈/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈(က)/ ၃၂ တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်တွင် တရားခံမအေးအေးသန်း၊ မအေးမြတ်မွန်(ခ)မြတ်မွန်နှင့် မနုနုဌေးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ တစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီနှင့် ဒေါ်ခင်ခင်သန်း(ခ)ဒေါ်ခင်သန်း၊ မယမုန်ဇင်(ခ)ယမုန်တို့အား တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကာ တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**တပ်ကုန်း ဇန်နဝါရီ ၂၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၂၄၅/၇ အနီး အဆုံတံတားပေါ်တွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က တပ်ကုန်းမြို့မှ ပျဉ်းမနားမြို့သို့ ဆန်းလင်း(ပြင်စည်ကျေးရွာ နွားထိုးကြီးမြို့နေသူ) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းသိန်း (သန်ဖက်ကျေးရွာ ဒေးဒရဲမြို့နေသူ)လိုက်ပါလာသည့် ၂၂ ဘီးယာဉ်နှင့် ပျဉ်းမနားမြို့မှ တပ်ကုန်းမြို့သို့ ချစ်ကိုနိုင်(နေရပ်စိစစ်ဆဲ) မောင်းနှင်ပြီး အောင်ကျော်ဇေယျ (သခွပ်တောရပ် ရွှေဘိုမြို့နေသူ)လိုက်ပါလာသည့် ၁၂ ဘီးယာဉ်တို့ တံတားအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ၁၂ ဘီးယာဉ်သည် တံတားအောက်သို့ ပြုတ်ကျခဲ့သဖြင့် ယာဉ်ပေါ်ပါ ချစ်ကိုနိုင်မှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့ကာ အောင်ကျော်ဇေယျမှာ(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီတွင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ လုံးဖောကျေးရွာနေ ကျော်မင်းသူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၊ အိုက်စ် သုည ဒသမ ၀၀၅ ကီလို၊ လုပ်သေနတ်အတို တစ်လက်နှင့် ၁၂ ဗို့ကျည်တစ်တောင့်တို့ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် လုံးဖောကျေးရွာနေ မအေးယု၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅ ပြား၊ အိုက်စ် ၁ ဒသမ ၇၁ ကီလိုတို့ကိုလည်းကောင်း။



ကျော်မင်းသူ၊ မအေးယုတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



အလားတူ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် မင်းနန္ဒာလမ်းမကြီး Orange Center အနီးတွင် ရဲလင်းထက်(ခ)ကိုရဲ မောင်းနှင်လာသောယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ အိုက်စ် သုည ဒသမ ၀၇ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ ဆက်လက်၍ ၎င်းနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃)ရပ်ကွက်ရှိ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅၀၊ အိုက်စ် သုည ဒသမ ၀၁ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၁၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မြန်မာ့ရုပ်ရှင် စိန်ရတုခေတ်သို့ သမင်လည်ပြန်

**စန်းနီလာဝင်း**

**ရုပ်ရှင်ဟူသော ဝေါဟာရအဖွင့်**

ရုပ်ရှင်ဟူသောဝေါဟာရနှင့်ပတ်သက်၍ မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "ရုပ်ရှင်သည် ရုပ်ပုံများကို ရွှေ့လျားစေပြီး မီးမောင်းထိုးခြင်းအားဖြင့် ပိတ်ကားပေါ်တွင် လှုပ်ရှားမှုပေါ်ပေါက်လာသည့် ပုံရိပ်အက်ရှင်ဘိုင်အိုစကုပ်ဖြစ်သည်" ဟု ဖွင့်ဆိုထားပါသည်။ ရုပ်ရှင်သည် ရုပ်ပုံသေးပေါင်းမြောက်မြားစွာကို လူတို့၏မျက်စိအမြင်သဘောအရလည်းကောင်း၊ ရုပ်ရှင်စက်မှုအတတ်ပညာများအရလည်းကောင်း တီထွင်ပြုလုပ်ထား၍ ရှင်နေသောအရုပ် ရုပ်ရှင်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာအားဖြင့် Bioscope, Film Cinema, Moving Picture(or) Motion Picture ဟု အမျိုးမျိုးခေါ်ဝေါ်ကြပါသည်။ တစ်ချိန်ကမူ ရုပ်ရှင်ကို " အရိပ်ပြပွဲ"၊ "ဓာတ်ရှင်" ဟူ၍လည်း ခေါ်ဝေါ် ခဲ့ကြပါသေးသည်။

ရုပ်ရှင်အနုပညာကို "အနုပညာရပ်ခုနစ်ရပ် စုပေါင်းထားခြင်း" (Seventh Art) ဟုဖွင့်ဆိုခဲ့ကြပြီး ထိုအနုပညာခုနစ်ရပ်မှာ (၁) စာပေ၊ (၂) ဂီတ၊ (၃) သဘင်၊ (၄) ပန်းချီ၊ (၅) ပန်းပု၊ (၆) ဓာတ်ပုံ၊ (၇) ရုပ်ရှင်တို့ဖြစ်ကြသည်ဟု ကမ္ဘာ့အနုပညာရှင်အချို့က ဖွင့်ဆိုခဲ့ကြပါသည်။ တရုတ်အနုပညာရှင်များကမူ ပြဇာတ်ကိုပါ ထည့်သွင်း၍ အနုပညာ (၈) ရပ် (Eighth Art) စုပေါင်းထားခြင်းဟု ဖွင့်ဆိုခဲ့ပါသည်။

**ကမ္ဘာ့ရုပ်ရှင်အနုပညာရှင်အချို့ကမူ ကမ္ဘာပေါ်တွင်-**

(၁) စကားပြောသော ဘာသာ (Spoken Language)

(၂) အရေးအသားဘာသာ (Written Language)




ဒါရိုက်တာ ဆရာဦးသုခ၏ လူငယ်ပြုပြင်ရေးသရုပ်ဖော်ရုပ်ရှင် "တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ" ဇာတ်ကားကြော်ငြာ။

(၃) ကိုယ်ဟန်အမူအရာ လှုပ်ရှားခြင်းဘာသာ (Gesture Language) ဟူ၍ ဘာသာသုံးမျိုးရှိရာ ရုပ်ရှင်အနုပညာမှာ အမူအရာလှုပ်ရှားပြသသော ဘာသာစကားဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်ကားတစ်ကားတွင် စကားပြောသည်က ၃၀ ရာခိုင်နှုန်း၊ လှုပ်ရှားမှုအမူအရာက ၇၀ ရာခိုင်နှုန်း ပါဝင်သင့်သည်ဟုဆိုပါသည်။

အမူအရာနှင့်လှုပ်ရှားမှုများကို အများဆုံးအသုံးပြုသော ရုပ်ရှင်ကားတစ်ကားကို ကမ္ဘာက နားလည်မည်၊ ယုတ်စွအဆုံး ဘဝက်ပေးမလှ၍ ဆွံ့အသူများပင်လျှင် နားလည်ခံစားနိုင်မည်။ ထို့ကြောင့် ပညာရှင်များက အဆိုရှိပြန်သည်မှာ "ရုပ်ရှင်ပိတ်ကားချပ်ကြီးသည် စကားပြောဖို့လုပ်ထားသည်မဟုတ်၊ ဤပိတ်ကားချပ်ကြီးပေါ်တွင် ဝတ္ထုဇာတ်လမ်းကို လှုပ်ရှားနေသော အရုပ်များဖြင့် ဖော်ပြရန်အတွက်ပင်ဖြစ်သည်" ဟူသော အဆို ဖြစ်ပါသည်။

**မြန်မာ့ရုပ်ရှင် စိန်ရတုခေတ်နှင့် စိန်ရတုသဘင် (၁၉၇၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ)**

အမျိုးသားယဉ်ကျေးမှုလက္ခဏာနှင့် သရုပ်မှန်ပြည်သူ့အကျိုးပြုအနုပညာသည် ခေတ်၏ရေစီးကြောင်းတွင် ကြည်လင်သည့်အသွင် သန့်စင်သည့်အလျဉ်ဖြင့် စီးဝင်နေမြဲပင်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် အောင်မြင်ခဲ့သည့် ပြည်သူ့အနုပညာရှင်တိုင်းသည် သရုပ်မှန်အနုပညာဖန်တီးမှု စွမ်းအားနှင့်အတူ အမျိုးသားမှု၊ အမျိုးသားဟန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မှန်ကန်စွာ ဖော်ကျူးတင်ပြနိုင်ခဲ့ခြင်းကြောင့်သာ မြန်မာ့အနုပညာသမိုင်းမှတ်တိုင်တွင် မှတ်တမ်းတင်ခံခဲ့ရခြင်းပင် ဖြစ်ပါသည်။

ခေတ်အဆက်ဆက်၌ ပြည်သူတို့အား အသိပညာပေးရန် လှုံ့ဆော်ခဲ့သည့် အနုပညာနယ်ပယ်အသီးသီးတွင် ရုပ်ရော၊ အသံပါ တွေ့မြင်ခံစားရသော ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဗီဒီယိုတို့မှာ အကောင်းဆုံးသော လူထုဆက်သွယ်ရေးကိရိယာ အနုပညာတစ်ရပ်ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကာလတွင် စက်မှုပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ရုပ်ရှင်သာမက ဗီဒီယိုကားများပါ အရေအတွက်များစွာ ထုတ်လုပ်လာကြသည့်ကာလ ဖြစ်ပါသည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းတစ်ပါးမှ သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်မှုကိုကာကွယ်ပြီး အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ရုပ်ရှင်ဇာတ်ကားများအနက် "ဖြေနိုင်ပေါင်၊ ငါ့ညီ ငါ့မြေ ငါ့အမေ၊ နှလုံးသားနဲ့ စစ်တာဝန်၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ ညတိုက်ပွဲ၊ အမိမြေမှ သားကောင်းများ၊ ပြည်လက်ရုံး၊ ခေးငမောက်၊ မြင်စိုင်းသား၊ ငါ့နိုင်ငံတော်၊ ဝေလည်းမွှေး ကြွေလည်းမွှေး၊ တိုက်ပွဲခေါ်သံ" စသည့်ရုပ်ရှင်ဇာတ်ကားတို့မှာ ထင်ရှားခဲ့ပါသည်။

မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်




မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်းဖတ်ပွဲ၌ စာတမ်းရှင်တစ်ဦး ဖတ်ကြားတင်သွင်းစဉ်။(၁၉၉၅)

မြင့်မားရေးအတွက်လည်းကောင်း၊ နယ်ချဲ့လက်သစ်တို့၏ ကျူးကျော်စွက်ဖက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက်လည်းကောင်း လှုံ့ဆော်ပေးသည့် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ကြပါသည်။ အမျိုးသားရေးရုပ်ရှင်ကားများကို ရိုက်ကူးတင်ဆက်ရာတွင် သမိုင်းဖြစ်ရပ်များကို အခြေခံ၍ တည်ဆောက်ပေးသည့် ရုပ်ရှင်ဇာတ်ကားများ (Historical Plot Construction)လည်း ပါဝင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ သာဓကအားဖြင့် "ဖြေနိုင်ပေါင်" ရုပ်ရှင်ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အပြီးအတွင်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းခဲ့ပုံများ၊ လွတ်လပ်ရေးရပြီးကာလ မြန်မာ့တပ်မတော်က ပြည်တွင်းသောင်းကျန်းဆူပူမှုအန္တရာယ်များကို ကာကွယ်တွန်းလှန်ခဲ့ပုံ စသည့် သမိုင်းနောက်ခံဖြစ်ရပ်များ၊ နယ်စပ်ဒေသပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများပေါ်တွင် အခြေခံ၍ ရိုက်ကူးတင်ဆက်ခဲ့သော မေတ္တာဘွဲ့ ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် "ဝေလည်းမွှေး ကြွေလည်းမွှေး" အမည်ရှိ ရုပ်ရှင်ဇာတ်ကားမှာလည်း မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားကာကွယ်ရေးစိတ်ဓာတ်တို့ကို မြှင့်တင်ပေးထားသည့် ရုပ်ရှင်ကားကောင်းတစ်ကားအဖြစ် မြန်မာ့ရုပ်ရှင်စိန်ရတုခေတ်ကို ဂုဏ်ပြုမြှင့်တင်ပေးနိုင်ခဲ့သည်ကို ကြည့်ရှုခံစားကြရမည်ဖြစ်ပါသည်။ ထိုဇာတ်ကားတွင် တပ်မတော်သို့ ဝင်လာကြသောသားအဖ တစ်ဦးနှင့်တစ်ဦးမသိရှာကြပုံ၊ နိုင်ငံတော်၏ ရန်ဆူးရန်ငြောင့်များကို တပ်မတော်သားများကသာ အသက်စွန့်၍ တိုက်ခိုက်ကာကွယ်ကြရပုံ၊ တပ်မတော်သားများမှာ တရားသောစစ်အတွက် အသက်ကိုပေးလှူကြရန် ဝန်မလေးကြပုံများကို မြင်တွေ့ခံစားခဲ့ကြရသည်။ ထိုဇာတ်ကားမှာ လက်နက်ပစ္စည်းများမှစ၍ သရုပ်ဆောင်များပါမကျန် သဘာဝကျစွာသရုပ်ဆောင်နိုင်ကြရန် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၏ ခွင့်ပြုချက်၊ အကြံပေးမှုအကူအညီများကို ရယူခဲ့သဖြင့် အသက်ဝင်သဘာဝကျ




ဒါရိုက်တာ ဆရာဦးသုခ၏ ၅၂၈ သွယ် မေတ္တာကို ဖော်ကျူးတင်ဆက်ထားသည့် "ရွှေခြည်ငွေခြည်တန်းပါလို့" ရုပ်ရှင်ဇာတ်ကား။(၁၉၇၅)

လှပြီး ပီပြင်ပြောင်မြောက်သည့် ဂန္ထဝင်စစ်ကားတစ်ကားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် ကိုလိုနီခေတ် အမွေဆိုးတစ်ခုဖြစ်သော စာမတတ်သူ ဘဝဆိုးဘဝမှောင်ထဲမှ လွတ်မြောက်အလင်းရောင်ရရန် "အရေး၊ အဖတ်၊ အတွက်" ဟူသော "အသုံးလုံး" တတ်မြောက်ရေးအတွက် ဒါရိုက်တာစာရေးဆရာကြီး ဦးသုခ၏ "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" (၁၉၇၃) အမည်ရှိ ရုပ်ရှင်ဇာတ်ကားမှာ စာရေးဆရာမင်းကျော်၏ ခရီးသွားဆောင်းပါးရှည်ကြီးကို အခြေခံ၍ ပညာပေးရသမြောက်လွန်းအောင် ဖော်ကျူးတင်ဆက်နိုင်ခဲ့သည့် စံပြရုပ်ရှင် ဂန္ထဝင်ရုပ်ရှင်ကားတစ်ကားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ထိုစိန်ရတုခေတ်မှာပင် နှိုင်းတုမရသည့် မိဘမေတ္တာကို သရုပ်ဖော်ရိုက်ကူးတင်ဆက်ခဲ့သည့် ဆရာဦးသုခ၏ "ရွှေခြည်ငွေခြည်တန်းပါလို့" (၁၉၇၅)၊ ဒါရိုက်တာပန်းချီစိုးမိုး၏ "ကျနော်နှင့်ကိုဘကျော်" (၁၉၇၅)၊ ဒါရိုက်တာကြည်စိုးထွန်း၏ "စုန်ရေ" (၁၉၈၉)နှင့် မိခင်မေတ္တာသရုပ်ဖော်

စာမျက်နှာ ၁၆ သို့ ❑

**အမူအရာနှင့် လှုပ်ရှားမှုများကို အများဆုံး အသုံးပြုသော ရုပ်ရှင်ကားတစ်ကားကို ကမ္ဘာက နားလည်မည်၊ ယုတ်စွအဆုံး ဘဝက်ပေးမလှ၍ ဆွံ့အသူများ ပင်လျှင် နားလည်ခံစားနိုင်မည်။ ထို့ကြောင့် ပညာရှင်များက အဆိုရှိပြန်သည်မှာ "ရုပ်ရှင် ပိတ်ကားချပ်ကြီးသည် စကား ပြောဖို့ လုပ်ထားသည်မဟုတ်၊ ဤ ပိတ်ကားချပ်ကြီးပေါ်တွင် ဝတ္ထုဇာတ်လမ်းကို လှုပ်ရှားနေ သော အရုပ်များဖြင့် ဖော်ပြရန် အတွက်ပင်ဖြစ်သည်"**

❑ စာမျက်နှာ ၁၅ မှ

"သမီးနှင့်အမေများ" (၁၉၉၁) ရုပ်ရှင် ဇာတ်ကားတို့မှာလည်း ထူးခြားအောင်မြင်ပြောင်မြောက်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် ဒါရိုက်တာမောင်တင်ဦး၏ မြန်မာ့ရိုးရာ သကြံန်ယဉ်ကျေးမှုနှင့် မြန်မာ့ဂီတအနုပညာ၏ တန်ဖိုးအလှကို ရသမြောက်စွာ ဖော်ကျူးတင်ဆက်ခဲ့သည့် "သကြံန်မိုး" စသည့် ရုပ်ရှင်ဇာတ်ကားတို့မှာလည်း ထူးခြားအောင်မြင်ပြောင်မြောက်ခဲ့ပါသည်။ စိန်ရတုခေတ်မှာပင် ဒါရိုက်တာဆရာဦးသုခနှင့် တွဲဖက်ဒါရိုက်တာ မောင်နှင်းမိုးတို့၏ "ရဟန်းစားသော ဆွမ်းတစ်နပ်" (၁၉၉၁) အမည်ရှိ မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်းမှာ ရုပ်ရှင်ဇာတ်ကား တစ်ကားမဟုတ်သော်လည်း ထေရဝါဒ ဗုဒ္ဓသာသနာပြု ရုပ်မြင်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ခြင်းကြောင့် စိန်ရတုခေတ်ကာလအတွင်း စံပြဂုဏ်ယူဖွယ်ဖြစ်ခဲ့ပါသည်။

**မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်းဖတ်ပွဲကြီး**

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်စိန်ရတုကာလ (၇၅)နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်၍ ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြဝတီစာပေတိုက်အမှုဆောင်အရာရှိချုပ် ဦးသိန်းစိန်အား မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့ရုပ်ရှင်ဆိုင်ရာ စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းရမည်ဖြစ်၍ တစ်ရက်လျှင် စာတမ်းငါးစောင်နှုန်းဖြင့် နှစ်ရက်ကျင်းပခဲ့ရသည်။ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် စာတမ်းဖတ်ပွဲကြီးကို ၁၉၉၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့များတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ပဒုမ္မာအမျိုးသားဇာတ်ရုံကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ ထိုစဉ်က နိုင်ငံတော်အကြီးအကဲအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရုပ်ရှင်၊ စာပေ၊ ဂီတသဘင်ဆိုင်ရာ အနုပညာရှင်များ၊ စိတ်ဝင်စားသူပရိသတ်များ တစ်ခဲနက် တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားကြီးတွင် မြန်မာ့ရုပ်ရှင်အနုပညာဆိုင်ရာ အစဉ်အလာများကို စာပေအနေဖြင့် သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ သမိုင်းပြုစုခြင်းစသည့် လုပ်ငန်းများကို နောင်လာနောက်သားများအတွက် စဉ်ဆက်မပြတ်ပြုလုပ်သွားရေးနှင့်စပ်လျဉ်း၍ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိန်က "မြန်မာ့ရုပ်ရှင်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုခဲ့တဲ့ အနုပညာတစ်ရပ်အနေနဲ့ စတင်ခဲ့တာဖြစ်တဲ့အပြင် ခေတ်အဆက်ဆက်မှာ အနုပညာအစဉ်အလာကောင်းများ၊ အမျိုးသားရေးအစဉ်အလာကောင်းများ ၊ အတတ်ပညာပိုင်းဆိုင်ရာ တီထွင်မှုအစဉ်အလာကောင်းများ မြောက်မြားစွာရှိခဲ့တဲ့ အနုပညာလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုအစဉ်အလာကောင်းများရှိပြီးဖြစ်တဲ့ မြန်မာ့ရုပ်ရှင်အနုပညာဆိုင်ရာ အစဉ်အလာများကို စာပေနဲ့ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ သမိုင်းပြုစုခြင်းစတဲ့လုပ်ငန်းတွေကို နောင်လာနောက်သားအတွက် အမြဲမပြတ်ပြုလုပ်သွားဖို့ လိုပါတယ်။ ဒီလိုပြုလုပ်သွားခြင်းဖြင့် ရုပ်ရှင်လောကတစ်ခုတည်းအတွက် သာမကဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းကိုပါ ဖြည့်ဆည်းပေးရာလည်းရောက်ပါတယ်။ ဒ့ါအပြင် အနာဂတ်မျိုးဆက်သစ်ရုပ်ရှင်အနုပညာရှင်များအတွက် အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးရာလည်း ရောက်ပါတယ်။

ယခုလို စာတမ်းဖတ်ပွဲမျိုးဟာ မြန်မာ့ရုပ်ရှင်ရဲ့ ၇၅ နှစ်တာ ခရီးမှာ ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်တဲ့ အခမ်းအနားဖြစ်တဲ့အတွက် မြန်မာ့ရုပ်ရှင်သမိုင်းမှာ အလွန်ထူးခြားလေးနက်လှတဲ့ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် မော်ကွန်းမှတ်တိုင် စိုက်ထူရမှာဖြစ်ပါတယ်။

အနာဂတ်မှာလည်း မျိုးဆက်သစ်ရုပ်ရှင်အနုပညာရှင်များအတွက် ရုပ်ရှင်ဆိုင်ရာကောင်းမွေများကို လက်ရှိရုပ်ရှင်ပညာသည်များက လက်ဆင့်ကမ်းပေးအပ်နိုင်ဖို့ ရုပ်ရှင်ဆိုင်ရာ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများ၊ စာအုပ်စာတမ်းများ၊ စာကြည့်တိုက်၊ ပြတိုက်များ




မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်စာတမ်းဖတ်ပွဲ၌ သဘာပတိများ၊ စာတမ်းဖတ်ကြားတင်သွင်းသူများနှင့် သုတေသနလုပ်ငန်းအဖွဲ့ဝင်များ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (၁၉၉၅)

စနစ်တကျရှိဖို့ လိုအပ်နေပြီလို့ ပြောကြားလိုပါတယ်။ အထောက်အထား မှတ်တမ်းမှတ်ရာများမရှိခဲ့ရင် သမိုင်းရေးရာပြုစုရာမှာ မစုံမလင်နဲ့ မတိကျမှုတွေ ဖြစ်တတ်ပါတယ်။

ဒါကြောင့် ယနေ့စိန်ရတုနေ့ကာလမှသည် လာမည့်ရာပြည့်နှစ်များအထိ ရုပ်ရှင်လောကတစ်ခုလုံးအတွက်ရော၊ နိုင်ငံနဲ့လူမျိုးအတွက်ပါ သမိုင်းတန်ဖိုးရှိနေမယ့် ရုပ်ရှင်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ ပီပီပြင်ပြင် ခိုင်ခိုင်မာမာပေါ်ပေါက်လာအောင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ စည်းရုံးဦးဆောင်မှုကို ရုပ်ရှင်ပညာသည်များကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ အလေးအနက်တိုက်တွန်းအပ်ပါတယ်"ဟူ၍ အဖွင့်အမှာစကားပြောကြားသွားခဲ့ရာ ထိုလမ်းညွှန်အကြံပေး အမှာစကား သြဝါဒမှာ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ခံယူထင်မြင်မိပါသည်။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်စာတမ်းဖတ်ပွဲကြီးတွင် သဘာပတိများအဖြစ် ဒါရိုက်တာဦးခင်ဇော်နှင့် ဇာတ်ညွှန်း ဦးနေမျိုးတို့က ဆောင်ရွက်ခဲ့ကြပြီး စာတမ်းများ ဖတ်ကြားတင်သွင်းရာ၌ (၁) "မြန်မာ့ရုပ်ရှင်စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အဆင့်ဆင့်တိုးတက်လာမှုများ" စာတမ်းကို မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးစိုးဝင်း (စိုးဝင်းထွန်း) ကလည်းကောင်း၊ (၂) "ရသမြောက်သော အချစ်ရုပ်ရှင်ကားများ" စာတမ်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဦးစောထွန်း (အောင်စောထွန်း–ကျောင်းကုန်း) ကလည်းကောင်း၊ (၃) "သမိုင်းတင်ကျန်ရစ်သော ရုပ်ရှင်တေးဂီတများ"စာတမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ဒေါ်ခင်ဆွေဟန်ကလည်းကောင်း၊ (၄) "ရသမြောက်သော ဟာသရုပ်ရှင်ကားများ" စာတမ်းကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဝင်းတင် (သီဟအောင်) ကလည်းကောင်း၊(၅) "လူစွမ်းစား မြန်မာစတန့်သမားများ" စာတမ်းကို စာရေးဆရာ ဒါရိုက်တာ (ဦး)ပြည့်စုံကလည်းကောင်း၊ (၆) "မြန်မာ့သမိုင်းကို မှတ်တမ်းတင်သော မှတ်တမ်းတင်ရုပ်ရှင်ကားများ" စာတမ်းကို မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးပွင့်ကျော် (မြပွင့်) ကလည်းကောင်း၊ (၇) "ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပြသသော ရုပ်ရှင်ကားများ"စာတမ်းကို စာပေဗိမာန်မှ ဦးစိုးမြင့် (စိုးလွင်မြင့်) ကလည်းကောင်း (၈) " ကလေးဇာတ်လိုက်များကို အဓိကထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများ"စာတမ်းကို ရုပ်ရှင်သရုပ်ဆောင် (ဒေါ်) ချစ်ချစ်ဇော်ကလည်းကောင်း၊ (၉) " မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်သော ရုပ်ရှင်ကားများ" စာတမ်းကို မြဝတီစာပေတိုက်မှ စာရေးသူကလည်းကောင်း၊ (၁၀) "မြန်မာ့ရုပ်ရှင်သက်တမ်းတစ်လျှောက် ပြောင်းလဲလာသော ဝတ်စားဆင်ယင်မှုများ" စာတမ်းကို စာရေးဆရာမကြီး (ဒေါ်) စောမုံညင်းတို့က အသီးသီးဖတ်ကြားတင်သွင်းခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်မှ ထိုစဉ်က ၁၉၉၅ ခုနှစ်အထိ (၇၅) နှစ်ပြည့်မြောက်ခဲ့သည့် မြန်မာ့ရုပ်ရှင်စိန်ရတုကာလအထိ ထိုစဉ်ကသက်ရှိထင်ရှား ရုပ်ရှင်အနုပညာရှင်များစွာနှင့် မြန်မာ့ရုပ်ရှင်ဆိုင်ရာ မဂ္ဂဇင်းများ၊ စာစောင်များကို ကျကျနန လေ့လာကြည့်သောအခါ ကိုလိုနီသူ့ကျွန်ဘဝအောက်မှ လွတ်မြောက်ရေးအတွက် ရုပ်ရှင်အနုပညာဖြင့် သရုပ်ဖော်လှုံ့ဆော်တင်ဆက်ခဲ့ကြရာ နယ်ချဲ့အစိုးရအာဏာပိုင်များ၏ အရေးယူခံခဲ့ရပုံများ၊ ရုပ်ရှင်အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပုံများ၊ အမျိုးသားရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် တိုင်းကျိုးပြည်ပြုဇာတ်ကားများ ရိုက်ကူးတင်ပြခဲ့ပုံများ၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက်သာမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်အချို့၏ မွန်မြတ်လှသော ခံယူချက်များ၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းမှန်သမျှတွင် ရုပ်ရှင်အနုပညာရှင်များ ကျရာအခန်းကဏ္ဍမှ ပါဝင်ခဲ့ပုံများကို ထဲထဲဝင်ဝင်သိရှိလာရသဖြင့် စာတမ်းတစ်စောင် တစ်ဖွဲ့သာမက ကျမ်းကြီး ကျမ်းငယ် အစောင်စောင်ရေးသားပြုစုရမည်ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်ရှိ မြန်မာစာဌာန၊ သမိုင်းဌာန၊ ဒဿနိကဗေဒဌာနရှိ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ ရေးသားပြုစုကြရာတွင် မြန်မာ့ရုပ်ရှင်၊ မြန်မာ့ဂီတ၊ မြန်မာ့သဘင်စသည့် အနုသုခုမပညာရပ်ဆိုင်ရာ သုတေသနကျမ်းများ ပါဝင်နေသည်ကို တွေ့ရှိခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်၊ ၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာ့ရုပ်ရှင်ငွေရတုရော ရွှေရတုသဘင်အခမ်းအနားများ၌ပါ မြန်မာ့ရုပ်ရှင်ဆိုင်ရာ စာတမ်းဖတ်ကြားပွဲများ မကျင်းပနိုင်ခဲ့ပါ။ မြန်မာ့ရုပ်ရှင်သက်တမ်း (၇၅) နှစ်ပြည့်မြောက်သည့် စိန်ရတုသဘင်အခမ်းအနားကျင်းပမှသာ နိုင်ငံတော်အစိုးရက ဦးဆောင်ကာ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် စာတမ်းဖတ်ပွဲအခမ်းအနားကြီးကို ပထမဦးဆုံးစတင်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ဖတ်ကြားတင်သွင်းခဲ့သော မြန်မာ့ရုပ်ရှင်ဆိုင်ရာ သုတေသနစာတမ်း ၁၀ စောင်ကို မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကျင်းပရေး သုတေသနလုပ်ငန်းအဖွဲ့၏ အစီအစဉ်ဖြင့် မြဝတီစာပေတိုက်မှ ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။ ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အခမ်းအနားကြီး၌လည်း မြန်မာ့ရုပ်ရှင်ဆိုင်ရာ စာတမ်းဖတ်ပွဲပါဝင်မည်ကို ကြားသိရပါသဖြင့် အလွန်ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ နှုတ်တစ်ရာ စာတစ်လုံးဆိုသကဲ့သို့ ဖတ်ကြားတင်သွင်းရာတွင် သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိသွားမည်ဆိုပါက မြန်မာ့ရုပ်ရှင်သမိုင်းအတွက် မော်ကွန်း၊ မှတ်တမ်း၊ သမိုင်းဆိုင်ရာ အထောက်အထားများ ရရှိနိုင်မည်ဖြစ်ပါသည်။

အချုပ်ဆိုရပါလျှင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ကနဦး စတင်ပေါ်ပေါက်လာခဲ့သည့် အချိန်မှစ၍ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုများနှင့်အတူ ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ ဖြတ်သန်းလာခဲ့ရသည့် ခေတ်အဆက်ဆက်တွင် တိုင်းပြည်ချစ်စိတ်ထွန်းကားရေး၊ ပရိသတ်ပြည်သူများ အသိအမြင်ပညာနှင့် ဘဝသင်ခန်းစာကောင်းများရရှိရေး၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထွန်းကားရေး၊ သရုပ်ပျက်ယဉ်ကျေးမှု တိုက်ဖျက်ရေးနှင့် ရသအနုပညာ ခံစားနိုင်ရေးတို့ကို ရှေးရှုပြီး ရိုက်ကူးတင်ဆက်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ် တွေ့ရပါသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် အမိမြန်မာနိုင်ငံတော်ကြီး ဖြတ်သန်းခဲ့ရသည့်ခေတ်ကာလအဆက်ဆက်တွင် အမျိုးသားရေးလုပ်ငန်းများ၌ ကိုယ်တိုင်ကိုယ်ကျ စွန့်စားကြိုးပမ်းပါဝင်ဆင်နွှဲခဲ့ကြသည်များမှာလည်း သမိုင်းမော်ကွန်း ထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာအစဉ်အလာကောင်းများရှိပြီးဖြစ်ရာ နှစ်တစ်ရာပြည့် မြန်မာ့ရုပ်ရှင်ပွဲတော်ကြီးမှသည် အနာဂတ်မြန်မာ့ရုပ်ရှင်လောကတစ်လျှောက်လုံး အနုပညာ၊ အတတ်ပညာ၊ နည်းပညာကြွယ်ဝစွာဖြင့် စံပြုထိုက်သည့် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားကောင်းများအဖြစ် ကမ္ဘာ့ရုပ်ရှင် ပရဝဏ်အတွင်းသို့ အောင်မြင်စွာ ထိုးဖောက်လွှမ်းမိုးနိုင်ပါစေကြောင်း အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုတင်ပြလိုက်ပါသည်။ ။

**မြန်မာ့ရုပ်ရှင် လုပ်ငန်းသည် ကနဦး စတင်ပေါ်ပေါက်လာခဲ့သည့် အချိန်မှစ၍ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုများနှင့်အတူ ဖျော်ဖြေရေး သက်သက် မဟုတ်ဘဲ ဖြတ်သန်း လာခဲ့ရသည့် ခေတ် အဆက်ဆက်တွင် တိုင်းပြည်ချစ်စိတ်ထွန်းကားရေး၊ ပရိသတ်ပြည်သူများ အသိအမြင်ပညာနှင့် ဘဝသင်ခန်းစာကောင်းများ ရရှိရေး၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ ကောင်းများ ထွန်းကားရေး၊ သရုပ်ပျက် ယဉ်ကျေးမှု တိုက်ဖျက်ရေးနှင့် ရသအနုပညာ ခံစားနိုင်ရေး တို့ကို ရှေးရှုပြီး ရိုက်ကူး တင်ဆက်ခဲ့**



ဒါရိုက်တာမောင်တင်ဦး၏ မြန်မာ့ရိုးရာသကြံန်ယဉ်ကျေးမှုသရုပ်နှင့် မြန်မာ့ဂီတအလှကို ဖော်ကျူးတင်ဆက်ထားသည့် ''သကြံန်မိုး'' ရုပ်ရှင်ဇာတ်ကား။ (၁၉၈၅)

# ရန်ကုန်-ကိုကိုးကျွန်း ရေကြောင်းခရီးစဉ် စတင်ပြေးဆွဲ



**ရန်ကုန် ဇန်နဝါရီ ၂၂**
ရန်ကုန်မှ ကိုကိုးကျွန်းသို့ ရေကြောင်းခရီးစဉ် စတင်ပြေးဆွဲသည့် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတဆိပ်ခံတံတား၌ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ''ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်မှာရှိတဲ့ ကိုကိုးကျွန်းက ဒေသခံပြည်သူတွေနဲ့ အဲဒီဒေသဖွံ့ဖြိုးရေးအတွက် သွားရောက် တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေ အဆင်ပြေစေဖို့အတွက် ဒီခရီးစဉ်ကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ခရီးစဉ်ပြေးဆွဲမှုအဖြစ် လတစ်လရဲ့ ပထမသီတင်းပတ်တိုင်း တစ်ကြိမ် ပြေးဆွဲပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ဒီခရီးစဉ်ပြေးဆွဲပေးခြင်းအားဖြင့် ဒေသခံပြည်သူတွေနဲ့ ဝန်ထမ်းတွေအတွက် အရင်ကထက် စားနပ်ရိက္ခာတွေ ပိုမိုရရှိနိုင်မှာဖြစ်သလို လူမှုရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စတွေမှာလည်း ပိုမိုအဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်''ဟု ပြောသည်။

ရန်ကုန် - ကိုကိုးကျွန်းခရီးစဉ် စတင်ပြေးဆွဲမှုနှင့်ပတ်သက်၍ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ''ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံမှုနဲ့ ဒေသခံပြည်သူတွေ၊ တာဝန်ကျဝန်ထမ်းတွေ အဆင်ပြေစေဖို့ ကျွန်တော်တို့ YRTA ရဲ့ ရန်ပုံငွေကနေ ခရီးစဉ်တစ်ခေါက်ကို ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒီတစ်ခေါက် ခရီးစဉ်ပြေးဆွဲမှု အခြေအနေကို လေ့လာသုံးသပ်ပြီး လာမယ့်ခရီးစဉ်တွေမှာ ပိုမိုအဆင်ပြေချောမွေ့မှုရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်'' ဟု ပြောသည်။

ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်ပြေးဆွဲမှုတွင် ရာသီဥတုအခြေအနေပေါ်မူတည်၍ မောင်းနှင်ချိန် အသွားနာရီ ၄၀ ခန့် ကြာမြင့်နိုင်ကြောင်း၊ ယခုပြေးဆွဲပေးနေသည့် ရေယာဉ်တွင် အနည်းဆုံး ခရီးသည် ၆၀ ခန့် လိုက်ပါစီးနင်းနိုင်ပြီး ရေယာဉ်မှာ တန် ၃၀၀ ခန့် တင်ဆောင်နိုင်မှုရှိကြောင်း၊ ယနေ့ ရန်ကုန်မှ စတင်ပြေးဆွဲသည့် ခရီးစဉ်တွင် ခရီးသည် ၄၀ ခန့်နှင့် သင်္ဘောသား ၁၅ ဦး လိုက်ပါသွားကြောင်း သိရသည်။

ယနေ့စတင်ပြေးဆွဲသည့် ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်တွင် လိုက်ပါကြသူများအား စီးနင်းခကောက်ခံမှု မရှိသည့်အပြင် လမ်းခရီးတွင်လည်း ထမင်းကျွေးကြောင်း၊ နောင်ဆက်လက်ပြေးဆွဲမည့် ခရီးစဉ်များတွင်လည်း ခရီးစရိတ်ကောက်ခံသွားရန် အစီအစဉ် မရှိသေးကြောင်း YRTA မှ သိရသည်။

**ကိုထက်**

# ချင်းအမျိုးသားနေ့ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ဟားခါး ဇန်နဝါရီ ၂၂**
ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေး၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ချင်းအမျိုးသားနေ့ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီအသီးသီးတို့က ကော်မတီအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြခဲ့ကြပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ထန်တလန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

# ဖေဖော်ဝါရီလအတွင်း YBS အစီးရေ ၃၀ ခန့်ဖြင့် တက္ကသိုလ်လေးခုကို ချိတ်ဆက်ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**
လာမည့်လအတွင်း YBS အစီးရေ ၃၀ ခန့်ဖြင့် တက္ကသိုလ်လေးခုကို ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

**ချိတ်ဆက်ပြေးဆွဲ**

နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ဆေးတက္ကသိုလ်(၂)၊ ဒဂုံတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တို့ကို ယာဉ်အစီးရေ ၂၇ စီးဖြင့် ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"တက္ကသိုလ်လေးခု ချိတ်ဆက်ပြေးဆွဲမယ့်လိုင်းကိုတော့ ကျွန်တော်တို့ ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က ဖေဖော်ဝါရီလထဲမှာ ပြေးဆွဲနိုင်အောင် သက်ဆိုင်ရာကုမ္ပဏီကလည်း ပြင်ဆင်နေပါတယ်"ဟု ဦးလှအောင်က ဆက်လက်ပြောသည်။

ထို့ပြင် Omni Focus ကုမ္ပဏီအနေဖြင့် လေဆိပ်နှင့် အဝေးပြေးကွင်းများကို ယာဉ်အစီးရေ ၂၀ ဖြင့် ချိတ်ဆက်ပြေးဆွဲနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)သို့ တင်ပြထားကြောင်း သိရသည်။

**ဖြည့်ဆည်းပေး**

ထိုသို့ ချိတ်ဆက်ပြေးဆွဲမည့် ယာဉ်လိုင်းများ ပေါ်ထွက်လာပါက ခရီးသွားပြည်သူများ၏ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသကဲ့သို့ လက်ရှိအချိန်တွင် ယခင်ထက်ညီညွတ်မျှတသည့် ဝန်ဆောင်မှုကောင်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဦးလှအောင်က ပြောသည်။

**ငြိမ်းငြိမ်း**

# မျိုးစေ့ပြပွဲ ၂၀၂၀ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**
မျိုးစေ့ပြပွဲ ၂၀၂၀(2020 Seed Fair)ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် အခမ်းအနားကျင်းပရေး လုပ်ငန်းအဖွဲ့တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အရည်အသွေးကောင်းမျိုးစေ့များ သုံးစွဲမှုမြင့်တင်ရေး၊ မျိုးစေ့ထုတ်လုပ်သူ သုံးစွဲသူများ ချိတ်ဆက်ဆောင်ရွက်မှုကောင်းမွန်စေရေး၊ တောင်သူများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မျိုးစေ့ကဏ္ဍတွင်ပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ မျိုးစေ့ပြပွဲ ၂၀၂၀ ကို နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအနီး၌ ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကပြခန်း များ၊ အရောင်းဆိုင်များ၊ သီးနှံအလိုက်မျိုးစေ့ ပျိုးပင်များ၊ စိုက်ခင်းများ၊ နည်းပညာပေးပြကွက်ပြခန်းများ ခင်းကျင်းပြသမည်ဖြစ်သည်။



ပြပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြမည်ဖြစ်ပြီး သိရှိလိုသည်များကို သက်ဆိုင်ရာပညာရှင်များက ဖြေကြားရှင်းလင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာနမှ ကျောင်းသား ကျောင်းသူများ စုပေါင်းပန်းချီပြပွဲ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၂**
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် ပန်းချီပညာဌာန ကျောင်းသား ကျောင်းသူများ၏ စုပေါင်းပန်းချီပြပွဲနှင့် ပန်းချီဆရာကြီး ဦးစောလှိုင်၏ ဆရာများ၏အမွေထဲက ကိုယ်ပိုင်ဟန်စာအုပ် မိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရောဝဏ်ပန်းချီပြခန်း၌ ပြုလုပ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ပန်းချီ ပါမောက္ခ ဦးမြတ်ထွန်း က '' ဒီပွဲက ကျောင်းသား ကျောင်းသူတွေကို မြေတောင်မြှောက်ပေးတဲ့ပွဲပါ။ ပြင်ပလောကကိုဝင်မတိုးခင်၊ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို ပြပွဲအတွေ့အကြုံရအောင် ကျွန်တော်တို့က စီစဉ်ပေးခြင်းဖြစ်ပါတယ်။ တစ်နှစ်တစ်ကြိမ်ဆိုတော့ အနည်းဆုံး လေးကြိမ်လောက် အတွေ့အကြုံရမယ်။ တခြားအစီအစဉ်တွေအနေနဲ့လည်း လုပ်ပေးတာတွေရှိပါတယ်'' ဟု ပြောသည်။

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တွင် ပန်းချီအပါအဝင် အနုပညာရပ်ဆိုင်ရာပညာရပ်များကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ဆရာ ဆရာမများက စာတွေ့၊လက်တွေ့ သင်ကြားပေးလျက်ရှိသည့်အပြင် ပြင်ပလောကတွင်ပါ အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပန်းချီပါမောက္ခ ဦးမြတ်ထွန်းက "ကျွန်တော်တို့ကျောင်းက တက္ကသိုလ်ဝင်တန်းအောင်ရင် တက်လို့ရပါတယ်။ အမှတ်နဲ့ ခေါ်ယူတာ မဟုတ်ပါဘူး။ အနုပညာဗီဇပါတဲ့သူတွေကို လူတွေ့လက်တွေ့စစ်ဆေးပြီးမှ လက်ခံတာပါ။ အခြားတက္ကသိုလ်တွေလို အများကြီးလက်မခံနိုင်ပါဘူး။ ပန်းချီအပါအဝင် မေဂျာတစ်ခုကို အနည်းဆုံး လူ ၅၀ ပဲ လက်ခံနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီဆွဲတာ နေရာယူပါတယ်။ တစ်နှစ်ထက်တစ်နှစ် လူများလာတဲ့အတွက် ဒီနှစ်တော့ လူ ၈၀ အထိ တိုးပြီး လက်ခံထားပါတယ်'' ဟု ပြောသည်။

ယင်းနေ့ပြုလုပ်သည့် ပန်းချီပြပွဲတွင် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ် ပန်းချီပညာဌာနမှ ကျောင်းသား ကျောင်းသူ ၅၀ ရေးဆွဲထားသည့် ပန်းချီကားလက်ရာစုံ ၉၀ ကျော်ကို ခင်းကျင်းပြသထားကြောင်းနှင့် ပန်းချီပြပွဲနှင့်အတူ မိတ်ဆက်ခဲ့သည့် ပန်းချီဆရာကြီး ဦးစောလှိုင်၏ ဆရာများ၏အမွေထဲက ကိုယ်ပိုင်ဟန်စာအုပ်ထဲတွင်လည်း နောင်မျိုးဆက်သစ်များ ပန်းချီပညာရပ်ကို စိတ်ဝင်စားသူများအတွက် ပန်းချီကားရေးဆွဲနည်းအဆင့်ဆင့်တို့ ပါဝင်ကြောင်း သိရသည်။

**စိမ်းခက်**



## စာအောင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ပေါင်းတည် ဇန်နဝါရီ ၂၂**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်နှင့် နတ်တလင်း နှစ်မြို့နယ်လုံးဆိုင်ရာ နန်းဦးဓမ္မနုဓမ္မမဟာဒွါရနိကာယဝိနယာဓိက စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ပေါင်းတည်မြို့ နန်းဦးကျောင်းစာသင်တိုက်၌ ကျင်းပသည်။ နာယကဆရာတော် ဘဒ္ဒန္တကုလနန္ဒက စာအောင်သံဃာတော်များဖြစ်ကြသော ဘိက္ခုနီပါတိမောက်တန်း ၁၁ ပါး၊ ဝိနယမူလတန်း ခုနစ်ပါးနှင့် ရှင်ကျင့်ဝတ်တန်း ၂၂ ပါး စုစုပေါင်းသံဃာတော်အပါး ၄၀ တို့အား အောင်လက်မှတ်များ အပ်နှင်းပေးခဲ့ပြီး အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

## ရေတာရှည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး



**ရေတာရှည် ဇန်နဝါရီ ၂၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၄၈)စက်မှုလယ်ယာစခန်းက ဦးစီး၍ စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု (ADSP) အစီအစဉ်ဖြင့် ရက် ၉၀ စပါးမျိုးကို ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် (၆၃၈) ရှိ တောင်သူ ဦးဝင်းမောင်၏လယ်၌ ကျင်းပသည်။

ကူဘိုတာ ခြောက်တန်းသွား စက်ဖြင့် သရုပ်ပြသရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက ''ကောက်စိုက်စက်နဲ့ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကမှာ စပါးရှစ်ပြည်ကနေ ၁၀ ပြည်ပဲကုန်ကျပါတယ်။ တစ်ကြိမ်စိုက်ရင် ကောက်စိုက်ခရင်းခွတစ်ခုစီမှာ ပျိုးပင် သုံးပင်ကနေ လေးပင်အထိ ပါဝင်ပါတယ်။ ပင်ကြားတန်းကြားအနေနဲ့ ငါးလက်မ၊ ခြောက်လက်မကို ချိန်ညှိဆောင်ရွက်နိုင်မှာဖြစ်ပါတယ်'' ဟု ရှင်းလင်းပြောကြားသည်။

သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မိတ္ထီလာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ



**မိတ္ထီလာ ဇန်နဝါရီ ၂၂**
မိတ္ထီလာ၌ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲက ပေါက်ချောင်းရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက မိတ္ထီလာမူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မူလတန်းကြိုကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံ ပေ ၃၀ အာရ်စီအမျိုးအစားဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် ၁၃၉ ဒသမ ၁ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**



**ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်း အထက (၃) ကျောင်းတွင် မရမ်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးစိုးနိုင်က မူခင်းအသိပညာပေး၊ သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောစဉ်။**
ကြေးမုံ

## ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

### ၁၉၄၈-၁၉၅၈ မြန်မာ့နိုင်ငံရေး



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အကြိုသမိုင်းမှအစပြု၍ ၁၉၈၈ ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကို ရေးသားပြုစုလျက်ရှိရာ ယခုအခါ ဦးကျော်ငြိမ်း ပြုစုရေးသားသော" ၁၉၄၈-၁၉၅၈ မြန်မာ့နိုင်ငံရေး" စာအုပ်ထွက်ရှိလာပါသည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံသည် ၄ ဇန်နဝါရီ ၁၉၄၈ ခုနှစ်တွင် မြန်မာပြည်သူတို့ လိုလားတောင့်တခဲ့ကြသော လွတ်လပ်ရေးကို ရရှိခဲ့ကြပြီး ကမ္ဘာပေါ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာသည်။ ဤပြည်ထောင်စုမြန်မာနိုင်ငံသည် ရွှေမိုး ငွေမိုးရွာသွန်းဖြိုးနိုင်သည့် ထူးမြတ်သော နိုင်ငံဖြစ်သည်ဟု အားလုံးကပင် ဝမ်းမြောက်ဝမ်းသာ လက်ပမ်းပေါက်ခတ်ကြကာ ရွှေပြည်တော် မျှော်မဝေးပြီဟု မျှော်မှန်းခဲ့ကြသည်။ သို့သော် လွတ်လပ်ရေးရရှိပြီး မကြာမီ ဂိုဏ်းဂဏဝါဒစွဲအရလည်းကောင်း၊ လူမျိုးရေး အမျိုးသားရေးဝါဒစွဲအရလည်းကောင်း၊ လက်နက်ကိုင်ဆူပူမှုများ ပေါ်ပေါက်လာခဲ့ရာ မြန်မာပြည်သူတို့သည် ဗုံး၊ သေနတ်၊ ကျည်ဆန်နှင့် ယမ်းငွေ့တဝေဝေကြား တထိတ်ထိတ် တလန့်လန့် ကျီးလန့်စာစား ဘဝဆိုးတွင် နေထိုင်ခဲ့ရသည့်အတွက် မြန်မာပြည်သူတို့ မျှော်လင့်သလို ရွှေပြည်တော်အစား လောင်စာနှင့်ပြာပုံအဖြစ် ရောက်ရှိခဲ့သည်ကို ဤစာအုပ်တွင် ဖတ်ရှုလေ့လာနိုင်သည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း - ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

### ရွှေတံခါးကြီးဖွင့်ပါဦး



စာရေးဆရာ လယ်တွင်းသားစောချစ် စီစဉ်ရေးသားသည့် ရွှေတံခါးကြီးဖွင့်ပါဦး စာအုပ်ထွက်ရှိလာသည်။

အိမ်ထောင်တစ်ခုတွင် လင်နှင့်မယား ချစ်၍ညားကြသော်လည်း ဇနီးသည်၏ ဆိုင်ဝင်ငွေက ခင်ပွန်းဖြစ်သူ ဝန်ထမ်းလစာထက် အများကြီးပိုရသည်။ ဇနီးဖြစ်သူ၏ ငွေကြေးမာန်မာန၊ ခင်ပွန်းကလည်း ဝန်ထမ်းဆိုသည့် မာန်မာနထားရှိကြသောအခါ အိမ်ထောင်ရေးပြိုကွဲသွားပုံကို စာရေးသူက စိတ်ဝင်စားဖွယ် ဘဝသရုပ်ဖော် ရေးသားထားသည်။

စာအုပ်ကို ပန်းမြိုင်လယ်စာပေ၊ အမှတ် ၅၇၊ ခရေပင်လမ်း၊ ၂ (ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဖုန်း - ၀၁-၆၃၅၂၆၂နှင့် ၀၉-၅၅၀၁၈၆၉ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

### မြန်မာသမိုင်းသုတေသနစာစောင်အမှတ်(၃၆) (၃၇) (၃၈)



သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်းသုတေသနစာစောင်ကို ၁၉၉၅ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် သုတေသနစာစောင်အမှတ် (၃၆)(၃၇)(၃၈) အထိ ထုတ်ဝေပြီးဖြစ်ပါသည်။ မြန်မာသမိုင်းသုတေသနစာစောင်တွင် မြန်မာသမိုင်း ပညာရှင်ကြီးများ၏ သုတေသနစာတမ်းများ၊ မြန်မာပြည်အရပ်ရပ်မှ တက္ကသိုလ်များရှိ သမိုင်းဌာနနှင့် ရှေးဟောင်း သုတေသနမှ ဆရာ ဆရာမများ၏ သုတေသနစာတမ်းများ၊ သမိုင်း သုတေသနဦးစီးဌာနမှ သုတေသနဝန်ထမ်းများနှင့်ပြင်ပသုတေသီများ၏ သုတေသနပြုချက်မှရရှိလာသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်သက်ဆိုင်သည့် သုတေသနစာတမ်းများ ပြုစုရေးသားထုတ်ဖော်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဖုန်း- ၀၆၇- ၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဖုန်း - ၀၁-၃၉၅၁၉၀၊ ၀၁-၃၉၅၁၉၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

### တုံကက်အလီရှာပုံတော်နှင့် စင်ကာပူရနံ့သင်း ဆောင်းပါးများ



စာရေးသူ ကောင်းမြတ်နွယ်(စင်ကာပူ) စီစဉ်ရေးသားသည့် တုံကက်အလီရှာပုံတော်နှင့် စင်ကာပူရနံ့သင်း ဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အစိုးရ၏ လက်ကျန်စီးပွားရေးလုပ်ငန်းများ၊ နောင်အနှစ်နှစ်ဆယ်၊ စိတ်ကူးယဉ်နိုင်ပြီဖြစ်သော တက္ကစီ၊ မြန်မာ့စပါးရွှေရောင်လွှမ်းစေဖို့၊ မရှိမဖြစ် ပြည်တွင်းဆေးဝါးလုပ်ငန်း၊ အစားအသောက်နှင့် ရောဂါဘယ၊ အတုယူဖွယ်ရာ စင်ကာပူယာဉ်လိုင်းများ၊ အင်တာနက်ကို ဖြတ်သန်းလာသော အဆိပ်များ၊ ခေါင်းဆောင်ကောင်းနောက်လိုက်ကောင်း၊ သုံးမြောင့်ဖန်တုံးအစား စက်ဝိုင်းလေးဖြစ်ပါစေ၊ ရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်ကိုချမ်းသာစေသည် စသည့်အကြောင်းအရာ ၃၀ ကို ရေးသားထားသည်။

စာအုပ်ကို လင်းလွန်းခင်စာပေ၊ တိုက်-D၊ ပထမထပ်(အလယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၀၁၇၃၀နှင့် ၀၉ ၂၅၄၅၅၀၈၆၃တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

# MNL-2 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၁၉ အသင်း ကစားသမားများရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာယူ-၁၉ အသင်းသည် ၂၀၂၀ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကစားသမားများရွေးချယ်ခဲ့ပြီး စုစုပေါင်း၂၄ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် Junior Lions အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာယူ-၁၉အသင်းသည် ယခုနှစ်အတွင်း အာဆီယံယူ-၁၉ ပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရွေးချယ်ထားသည့် ကစားသမားများအတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ (ခ) Junior Lions အသင်းတွင် **ဂိုးသမား**-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**-စောထော်နေမှူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ဉာဏ်လင်းထက်၊ သက်ဟိန်းစိုး၊ ကောင်းခန့်ကျော်၊ မင်းခန့်မောင်မောင်၊ **အလယ်တန်း**-ခွန်ကျော်ဇင်ဟိန်း၊ နောင်နောင်စိုး၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ပြည့်ဖြိုးအောင်၊ မိုးဆွေ၊ ရဲမင်းကျော်၊ အောင်ကိုဦး၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ မျိုးသူရထွန်းနှင့် စောသန်းဝင်းတင်တို့ ပါဝင်ကြသည်။

မြန်မာယူ-၁၉ အသင်းသည်ပထမအကျော့မှ ကစားသမားများ၏ ခြေစွမ်းအပေါ်မူတည်၍ အပြောင်းအလဲအချို့ ပြုလုပ်မည်ဖြစ်သည်။ မြန်မာယူ-၁၉ (ခ) Junior Lions အသင်းသည် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ဇန်နဝါရီ ၂၃ ရက် တွင် ငွေကြယ်ပွင့်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည်၂၀၁၈ ရာသီနှင့်၂၀၁၉ ရာသီတွင် MNL ယူ-၂၁ ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၂၀၁၉ ရာသီတွင် ချန်ပီယံဆုရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

# ဝက်စ်ဟမ်းနှင့် မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ်ကို အယ်လ်အေဂလက်ဆီအသင်း စာချုပ်ချုပ်ဆိုခေါ်ယူ

မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းဟာ ဝက်စ်ဟမ်းအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်တဲ့ ဟာနန်ဒက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိ မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ ဝက်စ်ဟမ်းအသင်းကနေထွက်ခွာကာ ဆီဗီလာအသင်းမှာကစားနေခဲ့တာဖြစ်ပြီး ဆီဗီလာအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့် မရရှိခဲ့တာကြောင့် အခုလိုအသင်းပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းမှာ စျေးနှုန်းအမြင့်ဆုံးကစားသမားဖြစ်လာမယ်လို့လည်း အဲဒီအသင်းက ပြောကြားထားပါတယ်။ ဒါ့အပြင် တိုက်စစ်မှူး ဟာနန်ဒက်ဇ်ဟာ အယ်လ်အေဂလက်ဆီတိုက်စစ်မှူးဟောင်း အီဘရာဟီမိုဗစ်ထက် ဝင်ငွေပိုကောင်းမှာဖြစ်ပြီး အီဘရာဟီမိုဗစ်ဟာ ၂၀၁၉ ခုနှစ်အတွင်းက တစ်နှစ်ကိုပေါင် ၅ ဒသမ ၅ သန်း(အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ သန်း)ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်-စုစည်းသည်**




# ရှော်လ်ကေးကွင်းလယ်ကစားသမား ဘန်တာလက်ကို နယူးကာဆယ်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူ

နယူးကာဆယ်အသင်းဟာ ရှော်လ်ကေးအသင်းရဲ့ ကွင်းလယ်ကစားသမားဘန်တာလက်ကို အခုနှစ် ဘောလုံးရာသီကုန်အထိ အငှားစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အခုချုပ်ဆိုလိုက်တဲ့ စာချုပ်အရ နယူးကာဆယ်အသင်းအနေနဲ့ အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်မယ့် အခွင့်အရေးလည်း ရရှိမှာ ဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယားကြယ်ပွင့် ဘန်တာလက်ဟာ ၂၀၁၇ ခုနှစ်က စပါးအသင်းကနေ ရှော်လ်ကေးအသင်းဆီ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီအမြဲတမ်းစာချုပ်မချုပ်ဆိုခင်ကစပါးအသင်းမှ ရှော်လ်ကေးအသင်းသို့ အငှားနဲ့ သွားရောက်ကစားနေခဲ့တာဖြစ်ပါတယ်။

ဘန်တာလက်ဟာ စပါးအသင်းနဲ့အတူ နှစ်နှစ်ခွဲကြာ ပါဝင်ကစားပေးခဲ့ရာမှာ အသင်းအတွက် ၆၆ ပွဲအထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး ရှော်လ်ကေးအသင်းအတွက်တော့ ၉၇ ပွဲမှာ ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘန်တာလက်ဟာ ရှော်လ်ကေးအသင်းနဲ့အတူ ၂၀၁၉ ခုနှစ် မတ်လကတည်းက ပွဲထွက်ကစားခွင့်မရရှိခဲ့ပါဘူး။ ဒါ့အပြင် ယခုနှစ်ဘောလုံးရာသီမှာလည်း ရှော်လ်ကေးအသင်းအတွက် တစ်ပွဲမှ ပါဝင်ကစားခွင့်မရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဘန်တာလက်ဟာ ရှော်လ်ကေးအသင်းကနေ နယူးကာဆယ်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။

## အနုပညာ

# ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးအယ်လ်ဘမ်သစ် ဘေဘုတ်ဇယားကို ဦးဆောင်



ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ လတ်တလောမှာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ ဒီလို အောင်မြင်မှုရခဲ့တဲ့အပေါ် ဆယ်လီနာဂိုမက်ဇ်က ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် Rare ဟာ ယခုသီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်ဘမ် ၂၀၀ စာရင်းမှာ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ Revival တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးအကြိမ် ထုတ်လွှင့်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ကို ဆယ်လီနာဂိုမက်ဇ်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၀ ရက်က စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

Rare ဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ လက်ရှိအချိန်အထိ တေးအယ်လ်ဘမ်ယူနစ်ပေါင်း တစ်သိန်းတစ်သောင်းကျော် ရောင်းချခဲ့ရပြီး ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ် နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ဆယ်လီနာဂိုမက်ဇ်အတွက် နံပါတ်တစ်နေရာကို ဆက်တိုက်ရယူနိုင်ခဲ့တဲ့ တတိယမြောက် တေးအယ်လ်ဘမ် ဖြစ်လာခဲ့ပါတယ်။ Rare အပြင် ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ Revival နဲ့ ၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ Stars Dance တေးအယ်လ်ဘမ်တို့ဟာလည်း ဘေဘုတ်ကို ဦးဆောင်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေ ဖြစ်ကြပါတယ်။

လတ်တလောမှာ အသက် ၂၇ နှစ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်က တေးအယ်လ်ဘမ်သစ် နံပါတ်တစ်နေရာရခဲ့တဲ့အပေါ် အားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြရာမှာ သူ့အတွက် ပုဂ္ဂိုလ်ရေးဆန်တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး အဓိပ္ပာယ်လည်းရှိတဲ့ တေးအယ်လ်ဘမ်ကို ယခုလို နံပါတ်တစ်နေရာ ရရှိစေကာ ဘယ်တော့မှာ မမေ့နိုင်မယ့် အမှတ်တရဖြစ်စေခဲ့တာကြောင့် ပရိသတ်တွေကို အထူးကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။



# ဂျီယောင်းရဲ့ ဓာတ်ပုံသစ်များ ဖော်ပြ

ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ကျော်ကြားတဲ့ ဂျီယောင်းဟာ လတ်တလောမှာ သူ့ရဲ့ အလှဓာတ်ပုံတွေကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဒီဓာတ်ပုံတွေမှာ ဂျီယောင်းကို အပြာရောင်ဆံပင်ရှည်တွေနဲ့ တွေ့မြင်ခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီယောင်းဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဇန်နဝါရီ ၂၁ ရက်က အလှဓာတ်ပုံတွေ ဖော်ပြခဲ့တာပါ။ ဒီဓာတ်ပုံတွေမှာတော့ ဂျီယောင်းဟာ အပြာရောင်ဆံပင်တွေနဲ့ ဆွဲဆောင်မှုရှိနေပါတယ်။ ဒီလို ဆံပင်ပုံစံပြောင်းလဲလိုက်တဲ့ ဂျီယောင်းအနေနဲ့ ထူးခြားတဲ့ အနုပညာလှုပ်ရှားမှုတွေ မကြာမီ ပရိသတ်ရှေ့အရောက် ပို့ဆောင်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# နိုင်ငံတကာပရိသတ်တွေနဲ့ တွေ့ဆုံသွားမယ့် Red Velvet

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Red Velvet ဟာ မကြာမီမှာ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ပြီး နိုင်ငံတကာက ပရိသတ်တွေနဲ့ တွေ့ဆုံသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Red Velvet ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က အဖွဲ့ရဲ့ နိုင်ငံတကာ ဖျော်ဖြေပွဲအစီအစဉ်အကြောင်း တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ အဖွဲ့ဟာ ဇန်နဝါရီ ၂၃ ရက်မှာ ဂျပန်နိုင်ငံ အိုဆာကာမှာ ဖျော်ဖြေမှာဖြစ်ပြီး နောက်ပိုင်းမှာ ကမ္ဘာတစ်ဝန်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း ထည့်သွင်း ရေးသားဖော်ပြခဲ့ပါတယ်။



**အေးပြည့် -စုစည်းသည်**

## ဦးစိုးဝင်း

**သံအမတ်ကြီး(ငြိမ်း)၊ (ဒုတိယဗိုလ်မှူးကြီး)**

**D.S.A ၊ အမှတ်စဉ် (၉)**

**အသက် (၇၅) နှစ်**

သရက်မြို့နေ (ဦးဘရှင်-ဒေါ်တင်ငွေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်တင်နု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ နှင်းဆီနီလမ်း၊ အမှတ်(၉၈)နေ ဒေါ်ခင်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နိုင်ဝင်း (UNOCHA)၊ Mr.Benjamin Duverger-မစိုးယုနွယ်ဝင်း (ဆေးသုတေသနကျွမ်းကျင်သူ)တို့၏ဖခင်၊ Mio RosieDuverger၏အဘိုး ဦးစိုးဝင်း(သံအမတ်ကြီး-ငြိမ်း)သည် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးပီတာဆိုင်းအောင်

**အသက် (၅၆) နှစ်**

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်နေ ဦးနန်းဇိန်းဂမ်-ဒေါ်ပရီလွမ်တို့၏ သားကြီး၊ ဦးနန်းဇိန်းနော်ဂျာ-ဒေါ်အေးစိုး၊ ဦးနော်တောင်-ဒေါ်နန်းဇိန်းဂျာနန်၊ ဦးနန်းဇိန်းလမိုင်-ဒေါ်ဆိုင်းနန်၊ ဒေါက်တာနန်းဇိန်းလုအောန်၊ ဦးကျော်ကျော်သွင်-ဒေါ်နန်းဇိန်းဒွဲလိန်တို့၏ အစ်ကိုကြီး၊ ဒေါ်ချိုမာတင် (ကျောင်းအုပ်ကြီး၊ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန)၏ ချစ်လှစွာသောခင်ပွန်း ဦးပီတာဆိုင်းအောင်သည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) တွင် မြစ်ကြီးနား ဒူကထောင်ရပ်နေအိမ်၌ နံနက် ၁၁ နာရီတွင် ဆုတောင်းဝတ်ပြုမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် ဒူကထောင်ကတ်သလစ်ဘုရားကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရာဒါကောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးပီတာဆိုင်းအောင်

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့နေ (ဦးတင်မောင်)-ဒေါ်စန်းရင်တို့၏ သားသမက်၊ ဦးဇော်ဝင်းတင်-ဒေါ်ဆွေဆွေအေးတို့၏ ညီ၊ ဒေါ်ရီမာတင်၊ ဦးအောင်ဝင်း-ဒေါ်မြင့်မာတင်၊ ဦးအောင်ဆန်းတင်တို့၏ အစ်ကို၊ ဒေါ်ချိုမာတင် (ကျောင်းအုပ်ကြီး၊ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန)၏ချစ်လှစွာသောခင်ပွန်း ဦးပီတာဆိုင်းအောင်သည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့)တွင် မြစ်ကြီးနား ရာဒါကောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

## ဦးသန်းဝေ

**အသက် (၅၃) နှစ်**

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေ ဦးဦးသာထွန်း-ဒေါ်သင်းကြွယ်တို့၏သားကြီး၊ ဒေါ်ညို ညိုခိုင်၏ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်စန်းစန်းဝေတို့၏မောင်၊ ဦးသက်ဝေ-ဒေါ်မိုးမိုးအောင်တို့၏ အစ်ကို၊ မအေးစန္ဒီခိုင်၏ဘကြီး ဦးသန်းဝေသည် ၁၈-၁-၂၀၂၀ ရက် ညနေ ၅:၃၀ နာရီတွင် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ UCSFဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ Chapel of the Chimes (32992 Mission Blvd. CA 94544)၌ မီးသင်္ဂြိုဟ်မည့် ဈာပနအခမ်းအနားပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် (၂၆၆)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအုပ်စိုး

**အသက် (၉၀)**

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

သူငယ်ချင်း မစိုးငွေး၏ ချစ်လှစွာသောဖခင်ကြီး ဦးအုပ်စိုးသည် ၂၀-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းရဲ့ဖခင်ကြီး ကောင်းရာသုဂတိလားပါစေ။

**1982-86 ⁺⁺ ဘူမိဗေဒတွဲ့ရ**
**ကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

---

**အနိစ္စ**

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်ထား (ပြွန်တန်ဆာ)

**ငွေကိုင်မှူး (ငြိမ်း)၊ ဗဟိုဘဏ်**

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် (၉၉၈)နေ (ဦးကြင်ထော့-ဒေါ်နှင်းရွှေ)တို့၏ သမီး၊ (ဒေါ်ခင်ဖူး)၏ညီမ၊ [ဦးသောင်းတင်(လုပ်ငန်းအရာရှိ-ငြိမ်း၊ ဗဟိုဘဏ်)]၏ဇနီး၊ မဝင်းဝင်းတင်၏ မွေးသမိခင်ကြီး ဒေါ်ခင်ထား(ပြွန်တန်ဆာ)သည် ၂၁-၁-၂၀၂၀ ရက် ညနေ ၅:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (ငြိမ်း) (B.E,M.E)

**OTS (13) ၊ ကြည်း/၇၀၆၅**

**ဗဟိုလျှပ်/စက်တပ် ကျောင်းအုပ်ကြီး(ငြိမ်း)**

**အသက် (၈၉) နှစ်**

တောင်ငူမြို့နေ ဦးဘတူ-ဒေါ်စောရင်တို့၏ သား၊ (ဦးသိန်းဖေ-ဒေါ်သာရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ မြေအမှတ် (၉၅-ခ)၊ သမိုင်းနေ (ဒေါ်သူဇာမြင့်)၏ခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်ချယ်ရီစိန်၊ ဦးအောင်ကြီးမြင့်-ဒေါ်သိင်္ဂီစိန်၊ ဒေါ်ကေသီစိန်၊ ဦးကျော်စိုး၊ (ဦးထင်အောင်)-ဒေါ်မြင့်သိင်္ဂီတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရီရီငွေး (ခ) ပဲပဲ

**အလက(၂)၊ ရန်ကင်း၊ အထက(၂) ရန်ကင်း**

**အသက် (၆၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၂)ရပ်ကွက်၊ အမှတ်(၁၅)၊ မင်းရဲကျော်စွာလမ်းနေ (ဦးအင်ဟုတ်-ဒေါ်အေးကြည်)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)၊ အောင်ဇေယျလမ်းနေ (ဦးသောင်းရွှေ)-ဒေါ်အေးကြည်တို့၏သမီးချွေးမ၊ ဒေါ်တင်တင်ခိုင်၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းမော်၊ ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဒေါ်တင်တင်ငွေး၊ ဦးစန်းအောင်-ဒေါ်ခိုင်စန္ဒာလွင်၊ ဒေါ်တင်တင်ငွေး၊ ဒေါ်အေးအေးသိန်း၊ ဦးကျော်မြင့်-ဒေါ်တင်အေး(YESC အရှေ့ပိုင်းခရိုင်)၊ ဒေါ်ခင်ခင်ထွေး (YESC ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဒေါ်တင်တင်ထွေးတို့၏အစ်မ၊ မောင်အောင်မိုးသူ၊ မောင်ထူးထက်အောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးအောင်မြင့်(အထပြ-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ရီရီငွေး(ခ)ပဲပဲ (အလယ်တန်းပြ-ငြိမ်း)သည် ၂၀-၁-၂၀၂၀ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၃)၊ အောင်ဇေယျလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ငွေးငွေးဝင်း (ကျိုက်လတ်)

**ကေမ္မာယောဂီ**

**အသက် (၆၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အမှတ်(၄၀)နေ (ကျောင်းအုပ်ဆရာကြီး ဦးမောင်စိန်-ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နု)တို့၏ သမီး၊ ကိုဝဏ္ဏဇော်-မခိုင်မာလာစိုး၊ ကိုမျိုးသူရစိုးတို့၏ မိခင်၊ မယွန်းနဒီဦး၊ မောင်တေဇမောင်မောင်တို့၏ အဘွား၊ ဦးစိုးအောင်၏ဇနီး ဒေါ်ငွေးငွေးဝင်းသည် ၂၂-၁-၂၀၂၀ ရက် နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။ )

ကျန်ရစ်သူမိသားစု

---

## ဦးသီဟစိုးအောင်

**အသက် (၄၂) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ရှောဝဏ်လမ်း၊ တော့စတားအိမ်ရာ၊ တိုက်အမှတ်(ဘီ-၃)၊ အခန်း(၂၀၃)နေ ဦးတင်မြင့်-ဒေါ်ခင်အေးကြူတို့၏ သားထွေး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး ဘုရားလမ်းနေ ဦးကိုကိုလှိုင်-ဒေါ်ပပဝင်းဟန်၊ ခေတ္တတောင်ကိုရီးယားနေ ဦးမောင်နိုင်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ စံပြဈေး၊ သဃ်န်းကျွန်းအနီးနေ ဦးသိန်းဟန်-ဒေါ်ခင်ချိုမြင့်၊ ပင်လုံရိပ်သာနေ ဦးသိန်းဝင်း-ဒေါ်တင်တင်ရီ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်နေ ဦးထူး-ဒေါ်တင်တင်မြင့်၊ စလင်းမြို့၊ မြင်တင်ရပ်နေ ဦးငွေးအောင်-(ဒေါ်သန်းငွေး)၊ မန္တလေးမြို့၊ စက်မှုရပ်ကွက်သစ်နေ (ဦးတင်ထွန်းအောင်-ဒေါ်ခင်အေးမူ)၊ ဒေါက်တာဦးစိုးမြင့်အောင်-ဒေါ်ခင်အေးယု၊ ဦးခင်မောင်မြင့်-ဒေါ်မာမာ၊ (ဦးကိုကို)-ဒေါ်မြင့်မြင့်သန်းတို့၏ တူ/မောင် ဦးသီဟစိုးအောင်သည် ၂၂-၁-၂၀၂၀ ရက် ၁:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ ရက် ညနေ ၅ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညိမ်းရွှေ

**အသက် (၆၈) နှစ်**

ဒေါက်တာငြိမ်းငြိမ်းအေး (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်)၏မိခင် ဒေါ်ညိမ်းရွှေ အသက် (၆၈)နှစ် ကျောင်းဆရာမ(ငြိမ်း)သည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု၊ မအူပင်တက္ကသိုလ်**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိက

**သိက္ခာတော် (၆၇)ဝါ၊ သက်တော် (၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ အသောကာရုံစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုဏ္ဍလာဘိက မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်) ၁၄-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) ၂၈-၂-၂၀၂၀ (သောကြာနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

## ဒေါ်နုရင် (ထနီး)

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ်(၈၃)၊ တတိယလွှာနေ (ဦးဉာဏ်-ဒေါ်အေးကြင်)တို့၏ သမီး၊ (ဦးဖျောက်ရုံ-ဒေါ်ကျင်လှိုင်)တို့၏သမီးချွေးမ၊ [ဦးမြင့်သိန်း(ခ) ဦးပြန့်ချူ]၏ဇနီး၊ ဒေါ်ခင်မြမြဦး-ဗိုလ်ကြီးမောင်ငွေ(ငြိမ်း)၊ (ဦးအောင်သန်း)၊ ဒေါ်မြင့်မြင့်သွင်-[ဦးခင်မောင်အေး(မန္တလေး)]၊ ဦးဆန်းအောင်-ဒေါ်ကျင်ငွေး၊ ဒေါ်ခင်သင်းဆွေ [ဌာနမှူး၊ စီမံဘဏ္ဍာ-ငြိမ်း၊ ရေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)]တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်နုရင်သည် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်လွမ်

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ်(၁၁/၁၅)နေ (ဦးဘိုးရှမ်း-ဒေါ်ကြည်)တို့၏သမီး၊ ဦးမျိုးမြင့်၏ ဇနီး၊ ဒေါက်တာခင်မောင်ကြိုင်-ဒေါက်တာသီသီမြင့်၊ ဦးကျော်ဝင်းအောင်-ဒေါက်တာနီနီမြင့်၊ ဒေါ်ရီရီမြင့်၊ ဦးအောင်မိုး(ယမင်းသော်ကုမ္ပဏီလီမိတက်)-ဒေါ်မူမူရှိန်၊ ဦးမြတ်မိုး(Top Choice ပလတ်စတစ်)-ဒေါ်ဝင်းမြင့်ဦး၊ ဦးအောင်ကျော်မိုး (ပြည့်ဖြိုးအောင်ကုမ္ပဏီလီမိတက်)-ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းမြင့် (ခ) ဒေါ်ညို (၈၄) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ (ဦးကုလား-ဒေါ်ကျင်သောင်း)တို့၏သမီး၊ ကျိုက်လတ်မြို့နယ်နေ [ဦးထွန်းကြည်(ကုန်သွယ်ရေး)]၏ဇနီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၇၅/ခ)နေ ဒေါ်မိမိကြည် (လယ်ပြ-ငြိမ်း၊ ရွှေပြည်သာ)၊ ဦးမျိုးကြည် (မန်နေဂျာ-ငြိမ်း၊ အကြီးစား စက်မှုလုပ်ငန်း)-ဒေါ်ခင်မျိုးမြင့်ဦး (အလုပ်ရုံခွဲမှူး-သန်လျင်အထည်ချုပ် စက်ရုံ)၊ ဦးကျော်ကျော်မင်းကြည် (ဦးစီးအရာရှိ-စက်မှု ယန္တရားတပ်ခွဲ၊ တောင်)-ဒေါ်တင်နွယ်နီ (ဦးစီးအရာရှိ၊ လမ်း/တံတား၊ မြို့တော်စည်ပင်)တို့၏ မွေးသမိခင်၊ မောင်ပြည့်ဖြိုးဇော်-မလှမျိုးဆွေ၊ မောင်ကျော်ဇေဝင့်၊ မအိချောမြတ်၊ မလဝန်းမေတို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းသန်း

**အန်တီအုန်းကေသီမိုးသွယ်လှရိပ်မြုံ**

**အသက် (၇၃) နှစ်**

သန်လျင်မြို့နယ်နေ (ဦးအေး-ဒေါ်လှခင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးဝင်းကြည်)-ဒေါ်လှခင်တို့၏ သမီးချွေးမ၊ (ဦးခင်မောင်ညွန့်)-အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်တို့၏ ညီမ၊ ဦးသန်းဝင်းဦး-ဒေါ်အေးအေးသန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆင်မလိုက်၊ ဘုရားလမ်း၊ တိုက် (၂၀၀)၊ အခန်း(၃၀၂)နေ ဦးမျိုးမြင့်ဦး(ခ)ဦးမြင့်ဦး၏ ချစ်လှစွာသောဇနီး၊ မယမင်းဦး (ခေတ္တ-ကာတာ)၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ ဆင်မလိုက်၊ ဘုရားလမ်း၊ တိုက်(၂၀၀)၊ အခန်း(၃၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းလွင်

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျန်စစ်သားလမ်း၊ အမှတ်(၃၉၄)နေ (ဦးမြမောင်-ဒေါ်ပု)တို့၏သား၊ (ဒေါ်ခင်ဆွေဦး)၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ဝင်း၏ မောင်၊ ဦးလှမြင့်သိန်း-ဒေါ်ခင်သန်းဝင်း၊ ဦးတင်အောင်လတ်-ဒေါ်ခင်ငွေးနွယ်၊ ဒေါ်ခင်ဝင်းယုတို့၏ အစ်ကို၊ ကိုဥက္ကာလွင်(ခ)ကောင်းထက်-မအေးမြစန္ဒာထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) ည ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐




ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ၏ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၆၈၀၀၀၀ ကျော် ဝင်ရောက်

**မန္တလေး ဇန်နဝါရီ ၂၂**

၂၀၁၉ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၆၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်ထက် ၁၉၀၀၀၀ ကျော် ပိုမိုတိုးတက်ဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၄၉၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၆၈၀၀၀၀ ကျော်ဝင်ရောက်ခဲ့သဖြင့် ၂၀၁၈ ခုနှစ် ဝင်ရောက်မှုထက် ၁၉၀၀၀၀ ကျော် စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



# AFC Cup ခြေစစ်ပွဲတွင် ရန်ကုန်အသင်း ဘရူနိုင်းကလပ်ကို အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန်ခြေစစ်ပွဲ ပထမအကျော့အဖြစ် အင်ဒရာ (ဘရူနိုင်း) နှင့် ရန်ကုန်ယူနိုက်တက် (မြန်မာ)တို့ ယနေ့ ညပိုင်းက ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ယခုပွဲ အဝေးကွင်းဂိုးပြတ်အနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ဘရူနိုင်းကလပ်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

## ကြေးမုံ ယနေ့ ဖတ်စရာ

**သန့်ရှင်းမှုဖြင့် ဆဲလ်မိုနဲလားပိုးကို ကာကွယ်ပါ**

ဆောင်းပါး စာမျက်နှာ » ၆

---------------

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ နောက်ဆုံးရသတင်းများအား တင်ပြခြင်း (၂၂-၁-၂၀၂၀)**

စာမျက်နှာ » ၁၁

---------------

**ဂရိပါလီမန်က ပထမဆုံးအမျိုးသမီး သမ္မတ ရွေးကောက်တင်မြှောက်**

စာမျက်နှာ » ၁၃




**Void Warranty Label မြန်မာနိုင်ငံတွင် ပုံနှိပ်ပေးနေပါပြီ။**

တန်ဖိုးကြီးသော ကုန်ပစ္စည်းများ၏ အာမခံပေးထားသော အစိတ်အပိုင်းများကို ကာကွယ်ရန်အတွက် အရည်အသွေး မြင့်မားသည့် Void Warranty Label များကို PrintCity တွင် ပုံနှိပ်ပေးနေပါပြီ။

- ဒီဇိုင်းပိုင်အမှတ်တံဆိပ်ဖြင့် ရနိုင်သည်။
- နာရီပိုင်းအတွင်း ရနိုင်သည်။
- အသေးဆုံး ၁၀ မီလီမီတာအထိ ပုံနှိပ်နိုင်သည်။
- ဒီဇိုင်းဝန်ဆောင်မှု အခမဲ့ပေးသည်။
- Delivery Service ပေးပါသည်။
- ကပ်ပြီး ၁၀ စက္ကန့် နောက်ပိုင်း လုံးဝ ခွာမရပါ။
- လေးရောင်၊ အရောင်စုံ ပုံနှိပ်နိုင်သည်။
- အနည်းဆုံး A 3 တစ်ရွက်မှ စပြီး ပုံနှိပ်နိုင်သည်။
- တစ်ခုချင်း ခွာနိုင်ရန် ဖြတ်ပေးထားသည်။
- အဝိုင်း၊ လေးထောင့်၊ ဒီဇိုင်းပုံစံမျိုးစုံ ရသည်။
- သံ၊ သစ်သား၊ ပလတ်စတစ်၊ စက္ကူ၊ မည်သည့်ပစ္စည်း၊ မည်သည့်နေရာတွင်မဆို ကပ်၍ရသည်။

တစ်ခုလျှင် အနည်းဆုံး ၁၅ ကျပ်။

printcity
Your one-stop printing shop

09 965000 118, 09 965000 119